The Prime Minister shall have the power to instate the following Ministries as required.

1. Ministry of Home Affairs.
2. Ministry of Finance.
3. Ministry of Farming and Forestry.
4. Ministry of Education.

5. Ministry of Health.
6. Ministry of Energy.
7. Ministry of Forestry.
8. Ministry of Culture.
9. Ministry of Information.
10. Ministry of Natural Environment.
11. Ministry of Revenue.
12. Ministry of Women Affairs.
13. Ministry of Social Welfare.
14. Ministry of Labor.
15. Ministry of Construction.
16. Ministry of Defense.
17. Ministry of Foreign Affairs.
18. Ministry of Commerce and Trade.
19. Ministry of Communication and Transport.
20. Ministry of Religious Affairs.

Section: 93. **The Structure of the State Government**

Various levels of the State Government are constituted as follow:

1. The State Government
2. The District Government
3. The Township Government
4. The Village Tract Government

Section: 94. **The Power Distribution of the State Government**

The State Government shall legislate the power distribution of the State.

Section: 95. **Term of Office**

The term of office of each level of State Government shall be (4) years.

Section: 96. **Restrictions of Responsibilities**

Should a member of the Legislature of the People be appointed as a member of the Government, the State Parliament should not assign him/her the duties of the Legislature of the People.

## Chapter (7)
## The Judiciary

Section: 97. **The Judicial Power**

1. The State shall establish a Supreme Court and such other subsidiary courts to exercise judicial powers as may be prescribed by the State Parliament.
2. The exercising of judicial powers shall not be intervened by any person or any State administrative body.
3. The order or pronouncement of a judicial court shall have bindings on all persons concerned and on all State mechanisms.

Section: 98. **The Judiciary**

A. The State Parliament shall prescribe procedures of the judicial system and the Judicial Courts.
B. The following Judicial Courts shall be constituted in the Judicial System.

1) The Constitution.
2) The High Court.
3) Various Courts of Justice.

Section: 99. **The Supreme Court**

(1) The Supreme Court shall consist of a panel of 5 Justices in the Central Judicial Panel.
(2) Five members of the Judicial Panel of the Supreme Court are to be presented to the State Parliament.
(3) The Prime Minister shall appoint the Supreme Court Justices approved by the State Parliament.
(4) The person elected as head of Supreme Court Justices shall be appointed by the Prime Minister to be the Chief Justice of the State.

Section: 100. **Location of the Supreme Court**

The Supreme Court shall be located in the capital city of the state.
Branches may be established in other areas as required.

Section: 101. **Qualifications of the Justices**

1. Justices of the Supreme Court shall have at least 10 years of experience in dispensing justice, and must hold a university law degree.
2. The Justices must be the citizens of the Karenni State.
3. Judges who have had at least 5 years of experience in dispensing justice may be appointed to conduct the jurisdictions at other courts.

Section: 102. **Prohibitions**

The Judges: -

1. Shall not hold any other government departmental post other than their judicial duties.
2. Shall not work for pecuniary gain in any company or business.
3. Shall not work in any law-making body for money.
4. Shall not engage in corruption.

Section: 103. **Remuneration**

The State Parliament shall determine the amount of remuneration to be paid to the judges, so that they may independently discharge their duties.

Section: 104. **Tenure**

The term of office of a judge expires:

1) When he resigns on his own volition.
2) When he can no longer discharge his normal duties.
3) When he is guilty if moral conduct.
4) When he commits a civil or criminal offence.
5) When he has reached the age of 70 years.

Section: 105. **Conducting Investigations on Supreme Court Justices**

When a justice of the Supreme Court can no longer discharge his normal duties, or is guilty of immoral conduct, or commits an offense under civil or criminal law; the State shall establish a commission of enquiry composed of an equal number of members from both Chambers to inquire into the case. The findings thereof shall be presented to the Prime Minister. Should he be found guilty, the Parliament shall dismiss him from office thereafter and the State Parliament shall take further necessary actions.

Section: 106. **Jurisdiction of the Courts**

The Supreme Court shall have jurisdiction in all cases.

1) Arising from conflict of cultures and customs of different ethnic races.
2) On appeal from lower courts.
3) Affecting between federal union member states.
4) Affecting foreign countries.
5) In cases transferred from court to court.
6) Arising from contracts between foreign and local companies.
7) Arising from bankruptcy.

(b) The Parliament shall legislate the legislative power of various levels of the Courts.

## Chapter (8)
## Financial Ordinances

Section: 107. **The duty of the Ministry of Finance**

(a) The State Ministry of Finance shall be assigned the duty to discharge the finance laws prescribed and confirmed by the State Parliament.

(b) The State Government shall forward to the State Parliament its annual fiscal balancing statement bill provided by the Ministry of Finance.

Section: 108. **The State Central Bank**

The State Central Bank shall be established to administer the State's financial system in accord with the law. It shall be independent and free from all political interventions.

Section: 109. **The Auditor General**

(1) The Legislature of the People shall present the Parliament a person to scrutinize and exercise close monitoring of the State budget. The Prime Minister shall appoint him as the Auditor General of the State as to the consent of the State Parliament.

(2) The Auditor General shall have the right to independently inquire into the State fiscal accounts. He shall present his findings to the State Government and the State Parliament.

## Chapter (9)
## Citizenship

Section: 110. **Citizenship**

Those that meet the following condition shall have the right to the citizenship:

(1) They must be the descendants of indigenous parents.

(2) They must be the descendants of those Who have permanently settled in the Karenni State prior to 1948.

(3) The State Parliament shall draw and legislate the citizenship laws.

Section: 111. **Restrictions to Dual Nationality**

(a) A Karenni citizen has right to citizenship in foreign countries. His Karenni citizenship is invalid at the moment of gaining another citizenship. He shall have the right to reapply for the Karenni citizenship on his volition.

(b) A Karenni citizen shall not be a citizen of any other federal member state of the Federal Union.

## Chapter (10)
## Maintaining Customs and its Chieftains

Section: 112 (1) The Karenni people has the right to nominate clan-chiefs from their own clans who preserves traditional customs, and to preserve and dissolve their traditional customs.

(2) The State Parliament shall legislate the power to execute customary laws.

## Chapter (11)
## Instituting the Commissions

Section: 113. **Human Rights Commission**

To constitute a Human Rights Commission composed of one chairman and six members, the Legislature of Nationalities must present their names to the State Parliament. The Prime Minister shall appoint them to the consent of the State Parliament thereafter, and the State Parliament shall legislate the law.

Section: 114. **Tenure**

The term of office of Human Rights Commission is 5 years.

Section: 115. **Commission for Elimination of Corruption**

To constitute the Commission for eliminating corruption composed of one chairman and six members, the Legislature of Nationalities shall present their name to the State Parliament. The Prime Minister shall appoint them to the consent of the State Parliament and the State Parliament shall legislate the law.

Section: 116. **Tenure**
The term of the Commission for Elimination of Corruption is 5 years.

Section: 117. The Commission for Eliminating Narcotic Drugs
To constitute the Commission for Eliminating Narcotic Drugs, composed of the chairman and six members, the Legislature of Nationalities shall present their names to the State. Parliament. The Prime Minister shall appoint them to the consent of the State Parliament and the State Parliament shall legislate the law.

Section: 118. **Tenure**
The term of the Commission for Elimination Narcotic Drugs is 5 years.

Section:119. **Election Commission**
To constitute the Election Commission composed of one chairman and six members, the Legislature of Nationalities shall present their names to the State Parliament. The Prime Minister shall appoint them to the consent of the State parliament and the State Parliament shall legislate the law.

## Chapter (12)
## Amending the Constitution

Section: 120. **Amending the State Constitution**
Some article of the State Constitution may be amended, when two-third of the members of State Parliament call for it and the State Parliament shall legislate a law thereof.

## Chapter (13)
## National Emergency Law

Section: 121. **Proclamation of National Emergency Law**
National Emergency Laws shall be proclaimed under the following circumstances:

When there is external aggression against the borders of the State, or measures taken for such aggression. When the State is stricken by natural disasters or by an epidemic. When public peace and stability is threatened. When a revolt or unrest breakout in an area of the State, which becomes a threat to the populace.

Section: 122. **Power to proclaim the state of emergency**
At the request of the State Government the Prime Minister shall proclaim a state of emergency covering the entire country.

Section: 123. **Duration of the Emergency Laws**
The emergency laws shall not remain in force for more than six months. The laws shall be revoked as soon as the conditions return to normal. Should it be considered that such laws should remain in force for a period

longer than six months, prior consent of the State Parliament must be obtained for the extension.

Section: 124. **Rights and Responsibilities**

Regarding the region where an emergency has been proclaimed, the State Government shall: -

(1) issue direct order and instructions.

(2) dispatch security forces and relief supplies.

(3) report to the Parliament about the developments taking places in the emergency areas.

Section: 125. **Judges during Emergency Period**

Judges shall be ready to deal with cases that may arise during the emergency period.

Section: 126. **Restrictions on Emergency Laws**

Laws proclaimed during an emergency shall not contradict any section of the Constitution.

## Chapter (14)

## Self Defense Forces

Section: 127. **The Self Defense Forces**

The Self Defense Forces consisting of the Ground Self-defense Force and the Air Self Defense Force shall be established to defense the Karenni State. The State Parliament shall draft and pass the legislation governing the establishment of the State Armed Forces.

(1) The State Self Defense Forces shall be under the Ministry of Defense.

(2) Self Defense Forces servicemen shall not be eligible to the post of the Minister of Defense.

(3) Self Defense Forces shall not be involved in the State politics.

## Chapter (15)
## Police Force

Section: 128. The State Police Force is instated to maintain rule of law and order, and the security of life and properties of the people. The State Parliament shall establish the constitutional laws of the State Police Force.

## Chapter (16)
## The National Economy

Section: 129. **National Economic Systems**

The State economic system is free market, and it shall have the right to operate the flowing sectors:

1. The State ownership.
2. Private Sectors.

3. Corporations.
4. and joint Ventures.

Section: 130. **Legislating Laws**

The state shall legislate laws for the State economic system and other commercial corporations.

## Appendix A

The National Flag



Explanation regarding the meaning of the National Flag

1. The frog drum is an article at the pinnacle of the culture of the national ethnics who reside within Karenni State.
2. The rays radiating in the middle of the frog drum, emerge from one single centre and are of equal length, and this signifies that all the ethnics within Karenni State are associated together on the basis of equality.
3. The situation of the frog drum within the white section, represents the clean, pure, honest and truthful objective of the ethnics within Karenni State, in joining together.
4. Red signifies courage.
5. White signifies purity and honesty.
6. Blue signifies righteousness, steadiness and steadfastness.

The size of the National Flag

1. The national flag shall have a length of 8 feet 6 inches and a breadth of 5 feet (should one wish to change the size, if the width is decreased by one foot, the length must be decreased by one foot 6 inches).
2. The size of the colors must be equal.
3. The frog drum shall be placed one inch from the white lace upon edge.
4. The top part of the flag is red, the middle part is white and the lower part is blue.

**Appendix B**
The National Emblem




Explanation regarding the meaning of the National Emblem

1. The frog drum is an article at the pinnacle of the culture of the national ethnics who reside within Karenni State.
2. The rays radiating in the middle of the frog drum emerge from one single centre and are of equal length, and this signifies that all ethnics within Karenni State are associated together on the basis of equality.
3. The frog drum is a cultural item whose sound, from ancient times, has traditionally meant a call for the people to gather together.

Pado:

1. The Pado is made from a horn and is a treasured item of the Karenni people.
2. The independence of Karenni State was recognized by the British and Burmese kings during the days of our fore fathers, by the symbol of the horn.
3. The Pado is an instrument, which by its sound, rouses the spirit of the nationals of Karenni State.

The ears of paddy:

1. The progress towards peace and prosperity of the life of Karenni born people.
2. The ear of paddy denotes that Karenni State has an abundance of rice paddy, and signifies the encouragement and support given to the paddy growers.
3. The two ears of paddy is the symbol chosen by the Karenni national congress to commemorate the 21 years of the Karenni Revolution.

The four stars signify:

- Truth
- Love
- Unity
- Peace

The rising sun:

1. Shows that the Karenni Government is always progressing and thriving.
2. Shows the light of success of the Karenni Government.
3. They rays radiating from the sun shows the bright brilliance of the Karenni State.

**Appendix C**
The Karenni Government Seal




Explanation regarding the meaning of the Karenni Government Seal
Pado:

1. Pado is an item made from water buffalo horn, which is treasured by the Karenni national.
2. The fact of Karenni's independence was acknowledged with the water buffalo horn.
3. The Pado is also an instrument whose sound is used for alerting into a state enthusiasm the spirit of the national of Karenni State.

Ear of paddy:

1. For the progress, peace and stability of the life of Karenni State.
2. The ear of paddy symbolizes the abundance of rice paddy in Karenni State the encouragement and support to paddy growers.
3. The ear of paddy is a sign of a country's affluence.

The four stars signify:

- Truth
- Love
- Unity
- Peace

The rising sun:

1. Shows that the Karenni Government is always progressing and thriving.
2. Shows the light of success of the Karenni Government.
3. The rays radiating from the sun shows the bright brilliance of the Karenni State.

**Appendix D**

National Anthem



Composed By Samual Bani ( 2, 5, 1957)

## ကရင်နီပြည် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဖြစ်ပေါ်တိုးတက်လာပုံ

၁၉၄၈ ခုနှစ်ဗမာပြည်လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဗမာပြည်တွင်း၌ တိုင်းရင်းသားလူမျိုးစုများနှင့် ဗမာအုပ်ချုပ်သူအဆက်ဆက်တို့အကြား ပဋိပက္ခများ စတင်ပေါ်ပေါက်လာခဲ့ရသည်။ သို့သော် အခြေခံအဓိကအကြောင်းရင်းများမှာ လူမျိုးတမျိုးနှင့်တမျိုး တူညီမှုမရှိကြချေ။ တချို့မှာ တန်းတူရေးကို အခြေခံကြသော်လည်း တချို့မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို အခြေခံကြသည်။ ထိုအထဲတွင် ကရင်နီပြည်သည် အများနှင့်မတူသော အကြောင်းရင်းဖြစ်သည့် သီးခြားလွတ်လပ်သည့် အခြေခံမှုအား အခြေခံသည့်အတွက်ကြောင့် ဗမာအုပ်ချုပ်သူများနှင့် ကရင်နီအမျိုးသားတို့အကြား မပြေလည်မှုများ စတင်လာရခြင်းဖြစ်သည်။

သို့သော် ယနေ့မျက်မှောက်ခေတ်တွင် ခေတ်စံနစ်များ အစဉ်အဆက်ရွေ့လျားဖြစ်ပေါ်တိုးတက်လာသည်နှင့်အညီ ကမ္ဘာ့နိုင်ငံရေးစနစ်များသည်လည်း တိုးတက်ပြောင်းလဲလာသည်။ ထို့ကြောင့် ကျနုပ်တို့ကရင်နီအမျိုးသားအနေဖြင့် ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်ကြောင်း အခိုင်အမာယုံကြည်ကြသော်လည်း ယနေ့ဖြစ်ပေါ်ပြောင်းလဲနေသော ခေတ်စနစ်တွင် နောင်လာမည့်မျိုးဆက်သစ်များအတွက် အကောင်းဆုံးအနာဂါတ်တခုကို ဖန်တီးပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရှိလာခဲ့ရသည်။ ထို့အပြင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်သည်လည်း ဗမာပြည်ရှိတိုင်းရင်းသားလူမျိုးစုများနှင့် ဗမာခေတ်အဆက်ဆက်အုပ်ချုပ်သူများအကြား ဖြစ်ပေါ်နေသော ပြဿနာများကို အကောင်းဆုံးဖြေရှင်းပေးသွားနိုင်မည်ဟု ကျနုပ်တို့ကရင်နီ အမျိုးသားထုတရပ်လုံးမှ လက်ခံယုံကြည်သည်။ ထို့ကြောင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှဦးဆောင်၍ ကရင်နီအမျိုးသားလူငယ်အစည်းအရုံး၊ ကရင်နီအမျိုးသမီးအစည်းအရုံးနှင့် ကရင်နီကျောင်းသားများသမဂ္ဂတို့နှင့်အတူ ကရင်နီပြည်၊အခြေခံဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေမူကြမ်းရေးဆွဲရေးကော်မီတီကို ၂၀၀၀ ခုနှစ်၊အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်လာခဲ့သည်။ ကရင်နီပြည်၊ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမူကြမ်းရေးဆွဲရေးကော်မီတီ၏ ရည်မှန်းချက်မှာ နောင်အနာဂါတ်တွင် တိုင်းရင်းသားလူမျိုးစုများအားလုံးပါဝင်နိုင်ပြီး လူမျိုးစုတိုင်း တန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခုပေါ်ထွန်းလာစေရေးပင် ဖြစ်သည်။

ကရင်နီပြည်၊ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမူကြမ်းရေးဆွဲရေးကော်မီတီ၏ ရည်ရွယ်ချက်များမှာ–

(၁)ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးပြဿနာများ ချုပ်ငြိမ်းသွားစေရေး၊

(၂)ကရင်နီမျိုးနွယ်စုများအချင်းချင်း အေးအတူပူအမျှ အစဉ်သဖြင့် လက်တွဲပူးပေါင်းနေထိုင်နိုင်ရေး၊

(၃)ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ဖြစ်ပေါ်တိုးတက်ခိုင်မာလာစေရေး၊

(၄)သာယာဝပြောသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ကရင်နီပြည် ဖြစ်ပေါ်လာစေရေး၊

(၅)နောင်အနာဂါတ်တွင် တိုင်းရင်းသားလူမျိုးစုများအားလုံး ပါဝင်နိုင်ပြီး လူမျိုးစုတိုင်း တန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခု ပေါ်ထွန်းလာစေရေးပင် ဖြစ်သည်။

ကရင်နီပြည်၊ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအား စနစ်တကျရေးဆွဲသွားနိုင်ရန် မူကြမ်းရေးဆွဲရေးကော်မီတီသည် အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများချမှတ်နိုင်ရေး နီးနှောဖလှယ်ပွဲသို့ ပုံမှန်တက်ရောက်ခြင်း၊ ကရင်နီပြည်သူလူထုများအကြား ကွင်းဆင်း၍ ဖက်ဒရယ်ရေးဆိုင်ရာနှင့် ရေးဆွဲဆဲ ကရင်နီပြည်အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအား ရှင်းလင်းခြင်းများကို ပုံမှန်ပြုလုပ်လျှက်ရှိသည်။ ထို့အပြင် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအား ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခြင်းများကိုလည်း ကော်မီတီမှ ဦးဆောင်ပြုလုပ်လျှက်ရှိသည်။ မူကြမ်းရေးဆွဲရေးကော်မီတီသည် ကရင်နီပြည်၏ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမူကြမ်းအား အဆင့်ဆင့်ရေးဆွဲသွားမည်ဖြစ်ပြီး ကရင်နီပြည်သူလူထုများအတွက် အကောင်းဆုံးလူ့ဘောင်ဘဝကို ဖန်တီးပေးနိုင်ပြီး တိကျသည့် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတခုဖြစ်ပေါ်လာစေရန် ရည်ရွယ်သည်။

# နိဒါန်း (Introduction)

ကရင်နီမျိုးနွယ်စုတို့သည် မွန်ဂိုလီးယားကုန်းပြင်မြင့်မှစုန်ဆင်းလာပြီး ဘီစီ ၇၃၉ ခုနှစ်လောက်ကစကာ ဒီမောဆိုမြေပြန့်သို့ အခြေချနေထိုင်ကာ ကရင်နီပြည်ကို စတင်တည်ထောင်ခဲ့ကြသည်။ ထိုအချိန်မှစပြီး ကိုယ့်မင်းကိုယ်ချင်းဖြင့် အကြီးအကဲများကို ရွေးချယ်တင်မြှောက်လျှက် တိုင်းပြည်ကို အုပ်ချုပ်စေလေသည်။ နှစ်များမကြာမီတွင် မြောက်အရပ်တွင် နေထိုင်သော ယွန်းပဒေသရာဇ်မင်းသည် ကရင်နီပြည်ကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ကာ ကရင်နီပြည်သူများကို နှစ်တရာနီးပါးခန့် ကျွန်သဖွယ် ဖိနှိပ်အုပ်ချုပ်ခဲ့လေသည်။ သို့သော် ကရင်နီပြည်သူများသည် စည်းလုံးညီညွတ်စွာဖြင့် ယွန်းပဒေသရာဇ် မင်းအား တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့ပြီး မူလအတိုင်း မိမိတို့တင်မြှောက်ထားသော အကြီးအကဲဖြင့် တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်စေလေသည်။

ကရင်နီပြည်သည် အနွယ်တူမျိုးနွယ်စုများစုပေါင်းနေထိုင်သည့် သေးငယ်သော တိုင်းပြည်တခုဖြစ်သော်ငြားလည်း မြေပေါ်မြေအောက်သယံဇာတပေါကြွယ်ဝသည့် တိုင်းပြည်လည်း ဖြစ်ပါသည်။ ဤသယံဇာတပစ္စည်းများလွတ်လပ်စွာ ထုတ်ယူသုံးစွဲကာ တိုင်းပြည်သာယာဝပြောဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်နိုင်သည့် အခြေအနေရှိပါသည်။

၁၈၅၇ ခုနှစ်တွင် အင်္ဂလိပ်တို့အစိုးရကိုယ်စားလှယ် လော့ဒါဟိုဇီမှ ကရင်နီ့သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုခဲ့ကာ ၁၈၆၂ ခုနှစ်တွင် ကရင်နီနှင့် မဟာမိတ်စာချုပ်ချုပ်ဆိုခဲ့ကြသည်၊ ထို့အပြင် ၁၈၇၅ ခုနှစ်ဇွန်လ ၂၁ ရက်နေ့တွင် အင်္ဂလိပ်ဘုရင်ခံနှင့် ဗမာဘုရင်တို့ ကရင်နီ၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုသည့် နှစ်ပြည်ထောင်စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့မှ ဗမာပြည်တပြည်လုံးကို သိမ်းပိုက်ခဲ့သည့်တိုင် ကရင်နီမှာ တသီးတခြားဆက်လက်တည်ရှိခဲ့သည်။ ၁၈၇၃ အေဒီတွင်လည်း အရှေ့ကရင်နီနှင့် ဇင်းမယ်ဘုရင်တို့သည် နှစ်ပြည်ထောင်ချစ်ကြည်ရေးများ တည်ဆောက်ကာ ကျွဲသွေးသောက်သုံးလျှက် နှစ်ပြည်ထောင်ချစ်ကြည်ရေးထာဝစဥ်တည်တံ့ခိုင်မြဲရေးအတွက် သစ္စာပြုခဲ့ကြသည်။ ဇင်းမယ်ဘုရင့်ညီတော်မှာ အရှေ့ကရင်နီစောဖျာ၏သမီးတော်နှင့် လက်ဆက်ထိမ်းမြားခဲ့သည်။

ကရင်နီပြည်၏ အုပ်ချုပ်ရေးကို နယ်ပယ်အလိုက်ခွဲခြားထားပြီး အကြီးအကဲစောဖျာများမှတိုက်ရိုက်ကိုင်တွယ်စီမံခဲ့ကြသော်လည်း တပြည်လုံး၏အရေးကိစ္စများကိုမူ နယ်အကြီးအကဲများနှင့်လူထုကိုယ်စားလှယ်များမှ စုပေါင်းညှိနှိုင်းအဖြေရှာခြင်းများ ပြုလုပ်ကြပါသည်။ သို့သော် ၁၉၄၆ ခုနှစ်၊စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကရင်နီတနိုင်ငံလုံး၏ အုပ်ချုပ်ရေးအရပ်ရပ်ကို ဦးစီးဆောင်ရွက်သွားရန်အတွက် လွတ်လပ်သည့် ကရင်နီပြည်ထောင်စုကောင်စီအစိုးရ (United Karenni Independent States Council)ကို စတင်ဖွဲ့စည်းခဲ့ပြီး ကရင်နီပြည်၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်လာရန် ကြိုးပမ်းခဲ့သည်။

၁၉၄၆ ခုနှစ်၊ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဖဆပလခေါင်းဆောင် ဦးအောင်ဆန်းမှ လွိုင်ကော်မြို့သို့ ရောက်ရှိလာကာ ကရင်နီပြည်သူများကို လွတ်လပ်ရေးရရှိတော့မည့် ဗမာပြည်နှင့်ပူးပေါင်းရန် မဲဆွယ်တရားဟောပြောရာတွင် 'ကရင်နီနယ်ရဲ့ Independence ဆိုတာဟာလည်း စက္ကူပေါ်မှာသာရှိတာ တကယ်မှာတော့ နဲနဲကလေးမှ လွတ်လပ်တာ မဟုတ်ဘူး၊ တိုင်းတပါးသားတွေ မောင်းထုတ်ပြီး ဒီနေရာမှာ ဗမာနဲ့အစားထိုးဖို့ရာ မဟုတ်ဘူး၊ ခင်ဗျားတို့တည်ရှိနေတဲ့ အခွင့်အရေး၊ ကရင်နီအုပ်ချုပ်ရေးအတိုင်း အုပ်ချုပ်ပါ၊ ကျုပ်တို့ဘာမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိဘူး၊ ကျုပ်တို့ကလည်း အင်္ဂလိပ်ကျွန်မဖြစ်ချင်သလို ခင်ဗျားတို့ကလည်း အင်္ဂလိပ်ကျွန်မဖြစ်ချင်ဘူး၊ အတူတူဘဲ၊ တစ်ယောက်နဲ့တစ်ယောက်တန်းတူဖြစ်ရမယ်' ဟု ပြောဆိုခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ဗမာပြည်မှ ဗြိတိသျှအစိုးရထံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် ဖက်ဆစ်ဆန့်ကျင်ရေးနှင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)အနေဖြင့် တောင်တန်း

ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးကာ လွတ်လပ်ရေးအတူရယူရန် ရှမ်းပြည်တောင်ပိုင်း၊ ပင်လုံမြို့တွင် တွေ့ဆုံကာ ပင်လုံသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်၊ သို့သော် အဆိုပါ ပင်လုံညီလာခံသို့ ကရင်နီမှကိုယ်စားလှယ်စေလွှတ်ခြင်းမရှိသကဲ့သို့ သဘောတူညီချက်တွင်လည်း လက်မှတ်ရေးထိုးခြင်း မရှိခဲ့ချေ၊ အဆိုပါ ပင်လုံသဘောတူညီချက်အရ ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်တစ်ရပ်ကို ရန်ကုန်တွင်ပြုလုပ်ကာ အခြေခံဥပဒေမူကြမ်းရေးဆွဲရန် ပြင်ဆင်ခဲ့သည်၊ အဆိုပါ လွှတ်တော်သို့ ကရင်နီမှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခြင်း မရှိခဲ့သော်လည်း အခြေခံဥပဒေ၏ ပုဒ်မ ၁၈၀(က) အရ ကရင်နီပြည်အား ဖွဲ့စည်းမည့် ကရင်ပြည်သစ်၏အထူးဒေသတစ်ခုအဖြစ် ထည့်သွင်းဖော်ပြခဲ့သည်၊ ဤအချက်သည် ကရင်နီပြည်သူများ၏ ဆန္ဒသဘောထားလုံးဝမပါရှိဘဲ တဖက်သတ် မတရားထည့်သွင်းထားခဲ့သည်၊ ဤသမိုင်းကို ထောက်ရှုခြင်းအားဖြင့် ကရင်နီပြည်သည် မည်သည့်အခါမျှ ဗမာပြည်၏အစိပ်အပိုင်းတစ်ခုမဖြစ်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

သို့သော် ဗမာပြည်လွတ်လပ်ရေးရရှိပြီး ၇ လအကြာ ဩဂုတ်လ ၉ ရက်နေ့တွင် ကရင်နီအမျိုးသားအစည်းအရုံးဌာနချုပ်စိုက်ရာဖြစ်သည့် မြလဲဒေါကို ဖဆပလ စစ်ရဲပုလိပ်တပ်ဖွဲ့ဝင်ရောက်ကျူးကျော်တိုက်ခိုက်ရာမှ ကရင်နီအမျိုးသားတို့၏ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရေးတိုက်ပွဲစတင်ခဲ့ရပါသည်၊ ထိုအချိန်မှစ၍ ကရင်နီအမျိုးသားရေးလှုပ်ရှားမှုမှာ အမျိုးသားခုခံတော်လှန်ရေးအသွင်သို့ ကူးပြောင်းကာ ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကို အကြောင်းပြုပြီး နှစ်ပေါင်း ၅၀ ကျော်ကြာတိုက်ပွဲဆင်နွှဲလာခဲ့ခြင်းလည်း ဖြစ်သည်၊ သို့ငြားသော်လည်း ပြောင်းလဲလာနေသော ကမ္ဘာ့နိုင်ငံရေးရေစီးကြောင်းနှင့်အညီ အခြားသော တိုင်းရင်းသား လူမျိုးများနှင့်အတူ (ဗမာအပါအဝင်) အားလုံးမှသဘောတူလက်ခံနိုင်သည့် တန်းတူရေး၊ အပြန်အလှန်အသိအမှတ်ပြုရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိရေးနှင့် ဒီမိုကရေစီရေးမူအောက်တွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်ကာ အကျိုးတူလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် စုစည်းနေထိုင်ခြင်းသည်သာ အားလုံးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်သည့်အလျှောက် သီးခြားလွတ်လပ်ရေးပြန်လည်ရရှိရေးဟူသော ရပ်တည်ချက်မှ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသို့ အခြားသော တိုင်းရင်းသားလူမျိုးများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ဆုံးဖြတ်အကောင်အထည်ဖော်ဆောင်လာရခြင်းဖြစ်ပါသည်။

## နိဒါန်း Preamble

ကရင်နီပြည်အတွင်း မှီတင်းနေထိုင်ကြကုန်သော ကျနုပ်တို့ကရင်နီမျိုးနွယ်စုအားလုံးတို့သည် တရားမျှတရေး၊ နိုင်ငံအေးချမ်းတည်ငြိမ်မှုအာမခံချက်ရှိရေး၊ အထွေထွေလူမှုဘဝဖူလုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့နှင့်နောင်လာနောက်သားများအတွက် အာမခံချက်ရှိသည့် လွတ်လပ်မှုကောင်းချီးမင်္ဂလာရရှိခံစားရစေရန်အပြင် ဘဝတူတိုင်းရင်းသားလူမျိုးပေါင်းစုံတို့နှင့်အတူ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိပြီး အကျိုးတူစီးပွားချမ်းသာများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန် ပိုမိုပြည့်စုံကောင်းမွန်သော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အတွင်း ပေါင်းစုကြရာတွင် ကရင်နီပြည်အား ပါဝင်ဖွဲ့စည်းတည်ဆောက်သွားနိုင်ရန်အလို့ငှာ ကရင်နီပြည်အတွက် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းလိုက်ရပါသည်။

## အခန်း (၁)
## ကရင်နီပြည်၏ အင်္ဂါရပ်များ

ပုဒ်မ၊ ၁၊ ကရင်နီပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတို့အပါအဝင် တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်တပြည် ဖြစ်သည်။

ပုဒ်မ၊ ၂၊ **ကရင်နီပြည်၏ နယ်နိမိတ်**

ကရင်နီပြည်၏နယ်နိမိတ်မှာ လက်ရှိသတ်မှတ်ထားသည့် နယ်မြေများအပြင် လူထုအများစုဆန္ဒအရ တောင်းဆိုလာသော နယ်မြေများကို နယ်မြေချင်းဆက်စပ်နေသော ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်၏ သဘောတူညီချက်အရ သတ်မှတ်သွားမည် ဖြစ်သည်။

ပုဒ်မ၊ ၃၊ **ကရင်နီပြည်၏ အချုပ်အခြာအာဏာ**

ကရင်နီပြည်၏ အချုပ်အခြာအာဏာသည် ကရင်နီပြည်သားများထံမှ ဆင်းသက်ရ မည်။

ပုဒ်မ၊ ၄၊ **အချုပ်အခြာအာဏာကို ကျင့်သုံးခြင်း**

ကရင်နီပြည်၏ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၏ တရားစီရင်မှု အာဏာများကို ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တည်ထောင် ဖွဲ့စည်းထားသော ကရင်နီပြည်လွှတ်တော်၊ ကရင်နီပြည်အစိုးရ၊ ကရင်နီပြည်တရားရုံးချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက ကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ၊ ၅၊ **အချုပ်အခြာအာဏာ သက်ရောက်သော နယ်နိမိတ်**

အချုပ်အခြာအာဏာ သက်ရောက်သော နယ်နိမိတ်မှာ ပုဒ်မ (၂) တွင် ဖော်ပြပါရှိသော နယ်နိမိတ်အတွင်းရှိ မြေထု၊ ရေထုနှင့် လေထုအားလုံးပါဝင်သည်။

ပုဒ်မ၊ ၆၊ **နိုင်ငံရေးစနစ်**

ကရင်နီပြည်၏ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။

ပုဒ်မ၊ ၇၊ **အမျိုးသားနှင့်ရုံးသုံးဘာသာ**

(၁)အမျိုးသားဘာသာသည် ကရင်နီဘာသာဖြစ်သည်။
(၂)ကရင်နီ၊အင်္ဂလိပ်နှင့်ဗမာတို့သည် ရုံးသားဘာသာဖြစ်သည်။

ပုဒ်မ၊ ၈၊ **ကရင်နီပြည်၏အလံ**

နောက်ဆက်တွဲ (က)တွင် ဖော်ပြထားသည်။

ပုဒ်မ၊ ၉၊ **ကရင်နီပြည်၏တံဆိပ်**

နောက်ဆက်တွဲ (ခ)တွင် ဖော်ပြထားသည်။

ပုဒ်မ၊ ၁၀၊ **ကရင်နီပြည်အစိုးရ၏တံဆိပ်**

နောက်ဆက်တွဲ (ဂ)တွင် ဖော်ပြထားသည်။

ပုဒ်မ၊ ၁၁၊ **ကရင်နီပြည်၏ နိုင်ငံတော်သီချင်း**

နောက်ဆက်တွဲ (ဃ)တွင် ဖော်ပြထားသည်။

ပုဒ်မ၊ ၁၂၊ **ကရင်နီပြည်၏ မြို့တော်**

ဒီးမောဆိုသည် ကရင်နီပြည်၏ မြို့တော်ဖြစ်သည်။

ပုဒ်မ၊ ၁၃၊ **အာဏာအမြင့်ဆုံး ဥပဒေ**

ကရင်နီပြည်အတွင်း ဤ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အာဏာအမြင့်ဆုံးဥပဒဖြစ်သည်။

## အခန်း (၂)
## အခြေခံအခွင့်အရေးများ

ပုဒ်မ၊ ၁၄၊ **အခြေခံအခွင့်အရေးများ**

ကရင်နီပြည်အတွင်းနေထိုင်သူတိုင်းသည်–

(၁) လူမျိုးရေး၊ဘာသာရေး၊လူမှုဆက်ဆံရေး အဆင့်အတန်း၊ နိုင်ငံရေး အယူအဆ၊ ဘာသာစကား၊လိင်၊အသက်၊အသားအရောင်တို့အပေါ်တွင် ခွဲခြားမှုမရှိဘဲ တရားဥပဒေရှေ့မှောက် တွင် အားလုံးတန်းတူမှုရှိရမည်။

(၂) ဥပဒေအရ တရားစီရင်ခြင်းခံရသူမှအပ အသက်ရှင်နေထိုင်ခွင့်ရှိရမည်။

(၃) အတင်းအဓမ္မစေခိုင်းခြင်း မရှိစေရ။

ပုဒ်မ၊ ၁၅၊ **အခြေခံလွတ်လပ်ခွင့်များ**

က။ ကရင်နီပြည်အတွင်း နေထိုင်သူတိုင်းသည်

(၁) လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ ရေး သားခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းဖြန့်ချိခွင့်ရှိစေရမည်။

(၂) နိုင်ငံရေးခိုလှုံခွင့် တောင်းခံပိုင်ခွင့်ရှိစေရမည်။

(၃) လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်ခွင့်၊ ဘာသာရေး ထုံးတမ်းစဉ်လာ များကို ကျင့်သုံး ခွင့် ရှိရမည်။

(၄)လွတ်လပ်စွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခွင့် ရှိစေရမည်။

ခ။ ကရင်နီပြည်သားတိုင်းသည်

(၁) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ခွင့်နှင့် ပါဝင်ခွင့်ရှိစေရမည်။

(၂) ကရင်နီပြည်အတွင်း လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် ရှိစေရမည်။

(၃) ပြည်ပသို့ ထွက်ခွာခွင့်နှင့် ပြန်လည်ဝင်ရောက်ခွင့် ရှိစေရမည်။

ဂ။ ဤပုဒ်မပါ အခြေခံလွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ဒီမိုကရေစီကျင့်စဉ်များကို ဆန့်ကျင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူ့ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ပြားစေခြင်းများ ဖြစ်ပေါ်လာပါက ကန့်သတ် ဟန့်တားသည့် ဥပဒေကို ကရင်နီပြည် လွှတ်တော်မှ ပြဋ္ဌာန်းနိုင် စေရမည်။

ပုဒ်မ၊ ၁၆၊ **လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေး**

ကရင်နီပြည်အတွင်း နေထိုင်သူတိုင်းသည် လူမျိုး၊ ဘာသာ၊ လူမှုဆက်ဆံရေးအဆင့်အတန်းတို့အပေါ် ခွဲခြားမှုမရှိစေဘဲ အသက် ၁၈ နှစ်ပြည့်သူတိုင်း လက်ထပ်ပိုင်ခွင့်ရှိစေရမည်။

ပုဒ်မ၊ ၁၇၊ **အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး**

ကရင်နီပြည်သားတိုင်းသည် လူမျိုး၊ ဘာသာ၊ လိင်၊ အဆင့်အတန်းခွဲခြားခြင်း မရှိစေဘဲ အလုပ်လုပ်ပိုင်ခွင့်နှင့် အလုပ်ရွေးချယ်ပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ၊ ၁၈၊ **ကရင်နီပြည်သားဖြစ်ခွင့် အခွင့်အရေး**

အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူ မည်သူမဆို ကရင်နီပြည်သားဖြစ်ပိုင်သော အခွင့်ရှိစေရမည်။

(၁)ကရင်နီပြည်သားမိဘနှစ်ပါးမှမွေးဖွားသော မည်သူမဆို ကရင်နီပြည်သား ဖြစ်သည်။

(၂) မိဘနှစ်ပါးအနက် နိုင်ငံခြား မိဘတပါးပါးမှ မွေးဖွားသော မည်သူမဆို ကရင်နီပြည်သား အဖြစ် လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

(၃) နိုင်ငံခြားသာမိဘနှစ်ပါးမှ ကရင်နီပြည်အတွင်း မွေးဖွားသော မည်သူမဆို ကရင်နီပြည်သားအဖြစ် လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ၊ ၁၉၊ **ကိုယ်ပိုင်လွတ်လပ်မှုအခွင့်အရေး**

ကရင်နီပြည်တွင်းနေထိုင်သူမည်သူမဆို ကိုယ်ပိုင်လွတ်လပ်မှု အခွင့်အရေးရှိသည်။ ယင်းကိုယ်ပိုင်လွတ်လပ်မှုတွင် မည်သူမဆို ဥပဒေနှင့်အညီ မဟုတ်သော–

(က) လူပုဂ္ဂိုလ်နှင့် ၎င်းတို့နေအိမ်ဥပစာရှာဖွေခံရခြင်း

(ခ) ၎င်းတို့ပစ္စည်းဥစ္စာများ ရှာဖွေခံရခြင်း

(ဂ) ၎င်းတို့ ပိုင်ဆိုင်မှုပစ္စည်းများ သိမ်းဆည်းခံရခြင်း

(ဃ) ၎င်းတို့၏ဆက်သွယ်ရေးကိစ္စများ ချိုးဖောက်ခံရခြင်းတို့ မရှိစေရန်ဖြစ်သည်။

ပုဒ်မ၊ ၂၀၊ **ပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေး**

(က) ကရင်နီပြည်သားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ခြံ၊မြေ၊လယ်ယာ၊ ပစ္စည်းဥစ္စာများအပေါ် ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်နှင့် အမွေဆက်ခံပိုင်ခွင့်ရှိရမည်။

(ခ) ကရင်နီပြည်သားတိုင်းသည် ခြံ၊မြေ၊လယ်ယာနှင့် ပစ္စည်းပိုင်ဆိုင်ခွင့်ကို အများပြည်သူအကျိုးအတွက် လိုအပ်လျှင် ဥပဒေနှင့်အညီ ရုပ်သိမ်းမှုပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏ အကျိုးနှင့် အများပြည်သူတို့၏ အကျိုးကို တရားမျှတစွာ ချိန်ဆ၍ သင့်တော်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့်ရှိစေရမည်။

ပုဒ်မ၊ ၂၁၊ **ဖမ်းဆီးချုပ်နှောင်ခံရသူ၏ အခွင့်အရေး**

(က) ကရင်နီပြည်အတွင်း နေထိုင်သူမည်သူမဆို သံသယဖြင့် ချုပ်နှောင်ခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်း မရှိစေရ၊

(ခ) ဖမ်းဆီးချုပ်နှောင်ခံရသူတိုင်းအပေါ် ဆက်ဆံရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမှုခံထိုက်စေရမည်။

(ဂ) ဖမ်းဆီးချုပ်နှောင်ခံရသူ မည်သူကိုမဆို ဝရမ်းအရမဟုတ်လျှင် ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ၊ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ရန် လုံလောက်သော အကြောင်းရှိလျှင် အာဏာရှိသည့် သက်ဆိုင်ရာ တ

ရားရုံးသို့ စွပ်စွဲခံရသူနှင့်တကွ အစီရင်ခံတင်ပြပြီး တရားသူကြီးတဦးဦး၏ ချုပ်မိန့်ဖြင့်သာ တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက်ချုပ်နှောင်ပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ၊ ၂၂၊ **ပြစ်မှုဆိုင်ရာစွဲဆိုခြင်း**

(က)တစုံတယောက်သည် ပြစ်မှုတခုခုနှင့် တရားစွဲဆိုခြင်းခံရပါက

(၁) အဆိုပါပြစ်မှုနှင့် စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိ ကြားသိစေရမည်၊

(၂) အမြန်ဆုံးအချိန်ကာလအတွင်း စစ်ဆေးကြားနာရမည်၊

(၃) ၎င်း၏ဆန္ဒနှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရန် အတင်းအကြပ်ပြုခြင်း မခံစေရ၊

(၄) ဥပဒေနှင့်အညီ ခုခံချေပပိုင်ခွင့် အပြည့်အဝရှိစေရမည်၊ ၎င်း၏ကိုယ်စား ဥပဒေအကျိုးဆောင်ငှားရမ်းထုချေပိုင်ခွင့် ရှိစေရမည်။ ဥပဒေအကျိုးဆောင်အား ငှားရမ်းရန် မတတ်နိုင်ပါက အစိုးရမှ ကျခံငှားရမ်းပေးရန် တောင်းဆိုပိုင်ခွင့်ရှိစေရမည်။

(၅) သက်သေခေါ်ယူပိုင်ခွင့်ရှိစေရမည်။

(၆) ၎င်းနားလည်နိုင်သော ဘာသာစကားဖြင့် စစ်ဆေးကြားနာမှု ခံယူခွင့်ရှိစေရမည်။ ယင်းသို့ဆောင်ရွက်ရန် အခက်အခဲရှိပါက စကားပြန်၏ အကူအညီကို ရယူခွင့် ရှိစေရမည်။

(၇) စီရင်ချက်အပေါ် တရားရုံးအဆင့်ဆင့်နှင့် ကရင်နီပြည်၏ အမြင့်ဆုံးအာဏာပိုင်သို့ အယူခံပိုင်ခွင့် ရှိစေရမည်။

(၈) ကြားနာသော တရားခွင်အားလုံးသည် အများပြည်သူလွတ်လပ်စွာ တက်ရောက်နားထောင်နိုင်သော တရားစီရင်ရေးရုံးများ ဖြစ်ရမည်။

(၉) တည်ဆဲဥပဒေသည် ဓလေ့ထုံးတမ်းများကို လွှမ်းမိုးမှုရှိစေရမည်။

ပုဒ်မ၊ ၂၃၊ **တရားစီရင်ခြင်းနှင့် ပြစ်ဒါဏ်**

(က) လူတဦးသည် မိမိကျူးလွန်သော ပြစ်မှု၏ အတိုင်းအတာအရသာလျှင် တရားဥပဒေအတိုင်း ပြစ်ဒါဏ်ကျခံစေရမည်။

(ခ) ပြစ်မှုဖြစ်ပွားစဉ် အချိန်တွင် တည်ရှိနေသော တည်ဆဲတရားဥပဒေအရသာ စီရင်စေရမည်။

(ဂ) လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒါဏ်များ ကျခံစေခြင်း မရှိစေရ။

(ဃ) တရားသေလွတ်ခြင်း ခံရပြီးသော မည်သူတဦးတယောက်ကိုမဆို အဆိုပါပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်း မပြုစေရ။

(င) မည်သူမဆို ပြစ်မှုတခုအတွက် တကြိမ်ထက်ပို၍ ပြစ်ဒါဏ်ချမှတ်ခြင်း မခံစေရ။

ပုဒ်မ၊ ၂၄၊ **ယဉ်ကျေးမှုအခွင့်အရေး**

ကရင်နီပြည်သားတိုင်းသည် မိမိတို့၏ လူမျိုးစုဆိုင်ရာ စာပေ၊ ယဉ်ကျေးမှု၊ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်နှင့် တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

ပုဒ်မ၊ ၂၅၊ **ပညာရေးအခွင့်အရေး**

(၁) လူတိုင်းပညာရေးကို လွတ်လပ်စွာ သင်ယူပိုင်ခွင့်ရှိရမည်။

(၂) လူတိုင်းသည် ပညာရေးတွင် ဘာသာရပ်များ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ပါတ်သက်သော ပညာရပ်များ၊ အတတ်ပညာများ၊ အထက်တန်းပညာရပ်များနှင့် အခြားပညာအရပ်ရပ်တို့ကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိရမည်။

(၃) မူလတန်းပညာကို မသင်မနေရပြဋ္ဌာန်းရမည်။
(၄) အလယ်တန်းပညာအထိ အခမဲ့ သင်ယူခွင့်ရှိရမည်။
(၅) ငွေကြေးမပြည့်စုံသည့် ထူးချွန်သောသူများသည် ပညာသင်ထောက်ပံ့ကြေးခံစားပိုင်ခွင့်ရှိရမည်။

ပုဒ်မ၊ ၂၆၊ **ကျန်းမာရေးအခွင့်အရေး**

(၁) ကရင်နီပြည်သားတိုင်းသည် ကရင်နီပြည်အတွင်းတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှု အခွင့်အရေးကို တန်းတူရရှိစေရမည်။
(၂) ကရင်နီပြည်အတွင်းတွင် လိုင်စင်ရ ဆရာဝန်များ၊ ဆေးဆရာများအနေဖြင့် ပုဂ္ဂလိကဆေးခန်းများ၊ ဆေးရုံများနှင့် ဆေးဘက်ဆိုင်ရာ သင်တန်းကျောင်းများ ဖွင့်လှစ်ထူထောင်ခွင့်ရှိရမည်။
(၃) ကရင်နီပြည်သားတိုင်းသည် မိမိ၏မိသားစု စီမံကိန်းများကို လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့် ရှိသည်။

ပုဒ်မ၊ ၂၇၊ **ဘာသာစကားအခွင့်အရေး**

ကရင်နီပြည်သားတိုင်းသည် မိမိတို့လူမျိုးစု၏ ဘာသာစကား၊ စာပေတို့ကို လွတ်လပ်စွာ သင်ကြားပိုင်ခွင့် ရှိစေရမည်။ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ၊ ၂၈၊ **ပညာသင်ကျောင်းများ တည်ထောင်ခွင့်**

ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်၊ကောလိပ်များ၊ သိပ္ပံနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့်ပညာသင်ကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေနှင့်အညီ ဖွင့်လှစ်တည်ထောင်ပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ၊ ၂၉၊ **ကလေးများ အခွင့်အရေး**

(၁) ကလေးတိုင်းသည် မိဘ (သို့) စောင့်ရှောက်သူတို့၏ ကာကွယ်မှု၊ စောင့်ရှောက်မှု၊ ပြုစုပျိုးထောင်မှုတို့ကို ခံစားပိုင်ခွင့်ရှိရမည်။ ကလေးများအား ပြုစုပျိုးထောင်မှုသည် မိဘများ (သို့) စောင့်ရှောက်သူများ၏ သဘာဝတာဝန်ဖြစ်ရမည်။
(၂) ကလေးတိုင်းသည် ပါတ်ဝန်းကျင် အသိုင်းအဝိုင်း၏ စောင့်ရှောက်မှုကို ခံယူပိုင်ခွင့်ရှိရမည်။
(၃) ကလေးများကို မိဘများ (သို့) အုပ်ထိန်းစောင့်ရှောက်သူများ သဘောမတူဘဲ အိမ်ထောင်စုမှ ခွဲထုတ်ခြင်း မပြုလုပ်ရ၊ သို့သော် မိဘများ (သို့) စောင့်ရှောက်သူတို့က ကလေးများကို ပြုစုပျိုးထောင်မှုတာဝန်မကျေပွန်သောအခါတွင်လည်းကောင်း၊ ကလေးများအား အန္တရာယ်တခုခုကြောင့် အိမ်ထောင်စုမှ ခွဲထုတ်ယူရန်လိုအပ်သောအခါတွင်လည်းကောင်း တရားဥပဒေအတိုင်း ဖြစ်ရမည်။
(၄) ကလေးတိုင်းသည် လူမှုရေးအတွက် ခေါင်းပုံဖြတ်အသုံးချမှု၊ စီးပွားရေးအတွက် ခေါင်းပုံဖြတ် အသုံးချမှု၊ ၎င်းတို့၏ စိတ်ဓါတ်၊ကျန်းမာရေးနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုများကို ထိခိုက်စေသည့် လုပ်ငန်းများတွင် အတင်းအကြပ်စေခိုင်းမှုများတို့မှ ကာကွယ်သည့် အခွင့်အရေးကို ခံစားပိုင်ခွင့် ရှိရမည်။
(၅) အသက် ၁၈ နှစ် မပြည့်သေးသည့် ကလေးများကို စစ်သားအဖြစ် စုဆောင်းခြင်းမှ ကင်းလွတ်ခွင့် ရှိရမည်။
(၆) ကလေးတိုင်းသည် လွတ်လပ်စွာ ပညာယူပိုင်ခွင့်ရှိရမည်။

(ရ) အခြေအနေမဲ့၊ မိဘမဲ့ကလေးများသည် ကရင်နီပြည်အစိုးရ၏ စောင့်ရှောက်မှုကို ခံစားပိုင်ခွင့် ရှိရမည်။

ပုဒ်မ၊ ၃၀၊ **အမျိုးသမီးအခွင့်အရေး**

(၁) အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရမည်။

(၂) အမျိုးသမီးများအား နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းခွင်တို့တွင် ခွဲခြားမှု မရှိစေရ၊

(၃) နိုင်ငံတကာတွင် ပြဌာန်းကျင့်သုံးလျှက်ရှိသော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ထားမှုများအားလုံး ဖျက်သိမ်းရေးသဘောတူစာချုပ်ကို ကရင်နီပြည်၊တရားရုံးချုပ်တွင် ပြဌာန်းပေးရမည်။

ပုဒ်မ၊ ၃၁၊ **နိုင်ငံရေးအခွင့်အရေး**

ကရင်နီပြည်သားတိုင်းသည် အောက်ပါကိစ္စရပ်များအပါအဝင် နိုင်ငံရေးရွေးချယ်မှုတို့အား လွတ်လပ်စွာ လုပ်နိုင်သည်။

(၁) နိုင်ငံရေးပါတီတရပ်အား ဖွဲ့စည်းတည်ထောင်ခြင်း

(၂) နိုင်ငံရေးပါတီတခု၏ လှုပ်ရှားမှုတွင် ပါဝင်ခြင်း (သို့) နိုင်ငံရေးပါတီတခုအတွက် အသင်းဝင်များ စုဆောင်းခြင်း

(၃) နိုင်ငံရေးပါတီတခုအတွက် မဲဆွယ်တရားဟောခြင်း

(၄) ရွေးကောက်ပွဲများတွင် ပါဝင်အရွေးချယ်ခံပိုင်ခွင့်နှင့် မဲပေးပိုင်ခွင့်ရှိခြင်း၊

ပုဒ်မ၊ ၃၂၊ **သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး**

သက်ရှိသက်မဲ့သဘာဝပါတ်ဝန်းကျင်သည် ညစ်ညမ်းခြင်းနှင့် သိမ်ဖျင်းစေခြင်းတို့မှ ကင်းလွတ်ရှင်သန်ကြီးထွားပိုင်ခွင့်ရှိသည်။

ပုဒ်မ၊ ၃၃၊ **အလုပ်သမားအခွင့်အရေး**

ကရင်နီပြည်သား အလုပ်သမားများသည် လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းတည်ထောင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ပုဒ်မ၊ ၃၄၊ **လယ်သမားအခွင့်အရေး**

ကရင်နီပြည်သား လယ်သမားတိုင်းသည် လွတ်လပ်သော လယ်သမားသမဂ္ဂများ ဖွဲ့စည်းတည်ထောင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ပုဒ်မ၊ ၃၅၊ **ကျောင်းသားများအခွင့်အရေး**

ကရင်နီပြည်သား အထက်တန်းပညာနှင့် အထက်အဆင့် ကျောင်းသားတိုင်းသည် လွတ်လပ်သော ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းထူထောင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ပုဒ်မ၊ ၃၆၊ **လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခွင့်**

လူတိုင်းသည် မိမိ၏ လူမှုအခွင့်အရေးကို ချိုးဖောက်မှုခံရသောအခါ လူ့အခွင့်အရေးကော်မစ်ရှင်၏ ကာကွယ်စောင့်ရှောက်မှုကို ရယူပိုင်ခွင့် ရှိရမည်။

ပုဒ်မ၊ ၃၇၊ **အခြေခံဥပဒေ၏ အကာအကွယ်ကို ရယူခြင်း**

(က) ကရင်နီပြည်အတွင်း နေထိုင်သူတိုင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အကာအကွယ်ရယူရန် လိုအပ်သောအခါ၌ ကရင်နီပြည်တရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

(ခ) ဤအခွင့်အရေးများကို မည်သည့်အခြေအနေတွင်မှ ရပ်ဆိုင်းထားခြင်း မရှိစေရ၊

ပုဒ်မ၊ ၃၈၊ **ကရင်နီပြည်အစိုးရ၏ အကာအကွယ်ရယူခြင်း**

ကရင်နီပြည်သားတိုင်းသည် ကရင်နီပြည်အတွင်းနှင့် ပြည်ပနှစ်ခုစလုံး၌ ကရင်နီအစိုးရ၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းဆိုပိုင်ခွင့်နှင့် ရယူပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ၊ ၃၉၊ **ကရင်နီပြည်အား ကာကွယ်စောင့်ရှောက်ခြင်း**

(၁) ကရင်နီပြည်သားတိုင်းသည် ကရင်နီပြည်၏ ပြည်တွင်းရန်နှင့် ပြည်ပရန်တို့ကို ကာကွယ်ရာတွင် တာဝန်ရှိသည်။

(၂) ကရင်နီပြည်ကို ကာကွယ်ရန် လိုအပ်လာပါက အဆင်သင့်ဖြစ်စေရေးအတွက် အသက် ၁၈ နှစ်ပြည့်ပြီးသော ကရင်နီပြည်သားတိုင်း စစ်ပညာသင်ကြားတတ်မြောက်ထားရမည်။

## အခန်း (၃)
## ကရင်နီပြည်၏ တည်ဆောက်ပုံ

ပုဒ်မ၊ ၄၀၊ **ကရင်နီပြည်တည်ဆောက်ပုံ**

ကရင်နီပြည်သည် ယဉ်ကျေးမှုတူညီသော အနွယ်တူဌာနေတိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ခရိုင်များဖြင့် တည်ထောင်ထားသော ဒီမိုကရေစီ ပြည်တပြည်ဖြစ်သည်။

ပုဒ်မ၊ ၄၁၊ **ကရင်နီပြည်စုစည်းပုံ**

ကရင်နီပြည် နယ်နိမိတ်အတွင်း နေထိုင်ကြသည့် ကရင်နီအမျိုးသားမျိုးနွယ်စုများ၏ ဒေသအားလုံးပါဝင်သည်။

ပုဒ်မ၊ ၄၂၊ **အုပ်ချုပ်ရေးဖွဲ့စည်းပုံ**

အုပ်ချုပ်ရေးကို ရပ်ကွက်၊ ကျေးရွာများမှ ကျေးရွာအုပ်စု၊ ကျေးရွာအုပ်စုမှ မြို့နယ်၊ မြို့နယ်များမှ ခရိုင်၊ ခရိုင်များကို ပေါင်းစပ်၍ ကရင်နီပြည်ဟူ၍ ဖွဲ့စည်းအုပ်ချုပ်ရမည်။ ခရိုင်များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(၁) လိုပွာခိုခရိုင်

(၂) ခေါသခေါခရိုင်

(၃) ဆိုဒီးမောခရိုင်

## အခန်း (၄)
## ကရင်နီပြည်လွှတ်တော်များ

ပုဒ်မ၊ ၄၃၊ **ဖွဲ့စည်းပုံ**

ကရင်နီပြည်သည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောကြောင့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ၂ ရပ်ကို ဖွဲ့စည်းရမည်။ လွှတ်တော်နှစ်ရပ်၏ စုပေါင်းမှုကို ကရင်နီပြည်လွှတ်တော်ဟု ခေါ်ဝေါ်ရမည်။

ပုဒ်မ၊ ၄၄၊ **လွှတ်တော်များအာဏာ**

ကရင်နီပြည်၏ ဥပဒေပြုအာဏာသည် ကရင်နီပြည်လွှတ်တော်တွင် ရှိရမည်။

ပုဒ်မ၊ ၄၅၊ **ကရင်နီပြည်လွှတ်တော်အစည်းအဝေး**

(၁) လွှတ်တော် နှစ်ရပ်ပါဝင်သည့် ကရင်နီပြည်လွှတ်တော်ပုံမှန်အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် ကျင်းပရမည်။ ကရင်နီပြည်လွှတ်တော်သဘာပတိမှ ခေါ်ယူပေးရမည်။

(၂) ကရင်နီပြည်လွှတ်တော်အရေးပေါ်အစည်းအဝေးများကို အောက်ပါအခြေအနေများပေါ်တွင် ခေါ်ယူရမည်။

- (က) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သောအခါ
- (ခ) ကရင်နီပြည်၏ အရေးပေါ်ဥပဒေထုတ်ပြန်ရန်နှင့် ရုပ်သိမ်းရန် လိုအပ်သောအခါ
- (ဂ) ကရင်နီပြည်၊ဝန်ကြီးချုပ် ကျမ်းသစ္စာကျိန်ဆိုသောအခါ
- (ဃ) ကရင်နီပြည်၊တရားသူကြီးချုပ် ကျမ်းသစ္စာကျိန်ဆိုသောအခါများဖြစ်သည်၊

ပုဒ်မ၊ ၄၆၊ **အစည်းအဝေးထမြောက်ခြင်း**

အစည်းအဝေးတွင် အထက်လွှတ်တော်မှ ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်း၊ အောက်လွှတ်တော်ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်းတက်ရောက်လျှင် အစည်းအဝေးထမြောက်သည်။

ပုဒ်မ၊ ၄၇၊ **အစည်းအဝေးဆုံးဖြတ်ချက်**

ကရင်နီပြည်၊လွှတ်တော်အစည်းဝေး၏ ဆုံးဖြတ်ချက်များသည် အစည်းအဝေးသို့ တက်ရောက်သော လွှတ်တော်ကိုယ်စားလှယ်များ အများစုဆန္ဒဖြင့် ဆုံးဖြတ်ရမည်။

ပုဒ်မ၊ ၄၈၊ **ကရင်နီပြည်လွှတ်တော်၏ သဘာပတိ**

အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့သည် ကရင်နီပြည်လွှတ်တော်အစည်းအဝေး၏ အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ရမည်။

ပုဒ်မ၊ ၄၉၊ **အာမခံနှင့် လွှတ်ကင်းခြင်း**

၁။ လွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် သာမန်လူထုအတွက် ချမှတ်ထားသောစည်းကမ်းများဖြင့် ချုပ်ချယ်ခြင်း မရှိစေရ။

၂။ အပြစ်ကျူးလွန်သော လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီးမှသာ ဖမ်းဆီးခွင့်ရှိရမည်။

၃။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ မဲဆန္ဒရှင်အများစု၏ အကျိုးကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိရမည်။

ပုဒ်မ၊ ၅၀၊ **ထောက်ပံ့ငွေ**

လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ပံ့ငွေကို ကရင်နီပြည်၊ဘဏ္ဍာငွေမှ ထောက်ပံ့ရမည်။

## အထက်လွှတ်တော်

ပုဒ်မ၊ ၅၁၊ **အထက်လွှတ်တော်၏ ပုံသဏ္ဍာန်**

အထက်လွှတ်တော်တွင် ကရင်နီပြည်အတွင်းရှိ ကရင်နီအမျိုးသားမျိုးနွယ်စုများမှ မျိုးနွယ်စုတစုလျှင် ကိုယ်စားလှယ် ၂ ဦးစီပါဝင်ခွင့် ရှိရမည်။

ပုဒ်မ၊ ၅၂၊ **လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်း**

၁။ ကရင်နီအမျိုးသားမျိုးနွယ်စုဝင် ဖြစ်ရမည်။

၂။ အသက် ၃၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

၃။ အနိမ့်ဆုံး အထက်တန်းပညာအဆင့်ရှိသူ ဖြစ်ရမည်။

၄။ နိုင်ငံရေးပါတီ တခုခု၏ အဖွဲ့ဝင် မဖြစ်စေရ။

ပုဒ်မ၊ ၅၃၊ **ရွေးကောက်နည်း**

အထက်လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာမျိုးနွယ်စုဝင်များမှ မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲစနစ်ဖြင့် ရွေးကောက်ရမည်။ လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ တဝက်ကို ၂ နှစ်တကြိမ်ရွေးကောက်ရမည်။

ပုဒ်မ၊ ၅၄၊ **လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ**

လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို လွှတ်တော်ကိုယ်စားလှယ်ထဲမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အများစုဆန္ဒမဲဖြင့် ရွေးချယ်ရမည်။ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် မျိုးနွယ်စုတခုတည်းထဲမှ မဖြစ်စေရ။

ပုဒ်မ၊ ၅၅၊ **သက်တမ်း**

လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းမှာ ၄ နှစ်ဖြစ်ရမည်။

ပုဒ်မ၊ ၅၆၊ **အစည်းအဝေးကျင်းပခြင်း**

၁။ ပုံမှန်အစည်းအဝေးကို တနှစ်တကြိမ် ကျင်းပရမည်။

၂။ လွှတ်တော်ကိုယ်စားလှယ်များ ထက်ဝက်ကျော်က တောင်းဆိုလာသောအခါတွင်လည်းကောင်း

၃။ ကရင်နီပြည်၊ဝန်ကြီးချုပ်မှတောင်းဆိုလာသောအခါတွင်လည်းကောင်း

၄။ လွှတ်တော်ဥက္ကဋ္ဌမှ လိုအပ်သည်ဟု ယူဆသောအခါတွင်လည်းကောင်း လွှတ်တော်ဥက္ကဋ္ဌမှ အစည်းအဝေးခေါ်ပေးရမည်။

ပုဒ်မ၊ ၅၇၊ **အစည်းအဝေးထမြောက်ခြင်းနှင့် ဆုံးဖြတ်ချက်**

လွှတ်တော်ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်းတက်ရောက်လျှင် အစည်းအဝေးထမြောက်သည်။ ဆုံးဖြတ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်၏ အများစုဆန္ဒမဲပေါ်တွင် ဆုံးဖြတ်ရမည်။

ပုဒ်မ၊ ၅၈၊ **ကော်မီတီဖွဲ့ခွင့်**

အထက်လွှတ်တော်တွင် နိုင်ငံခြားရေးကိစ္စ၊ ကာကွယ်ရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ အခြားလိုအပ်သည့် ကိစ္စရပ်များနှင့် ပါတ်သက်၍ သိရှိရန် ကော်မီတီဖွဲ့ခွင့် ရှိရမည်။

ပုဒ်မ၊ ၅၉၊ **လွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာ**

လွှတ်တော်ဥက္ကဋ္ဌသည် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲခြင်း၊ အစည်းအဝေးအတွက် စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း အခွင့်အာဏာရှိရမည်။ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုချက်မရဘဲ မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကိုမှ ဖမ်းဆီးစစ်ဆေးရှာဖွေခြင်း မရှိစေရ။

ပုဒ်မ၊ ၆၀၊ **လွှတ်တော်ဥက္ကဋ္ဌကို အရေးယူခြင်း**

(က) လွှတ်တော်ဥက္ကဋ္ဌကို အောက်ပါအခြေအနေများတွင် အရေးယူရမည်။
 ၁။ လွှတ်တော်ဥက္ကဋ္ဌသည် ကရင်နီပြည်ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း
 ၂။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း
 ၃။ အကျင့်သိက္ခာပျက်ပြားခြင်း
 ၄။ ရာဇဝတ်မှုတခုခုတွင် ပြစ်မှုထင်ရှား၍ ပြစ်ဒါဏ်ချမှတ်ခံရခြင်းစသည့် အချက်များအနက် တခုခုကို ကျူးလွန်သည်ဟု တွေ့ရှိရပါက လွှတ်တော်ဥက္ကဋ္ဌကို စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရမည်။

(ခ) လွှတ်တော်ဥက္ကဋ္ဌကို စုံစမ်းစစ်ဆေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စုံစမ်းစစ်ဆေးရေးကော်မီတီဖြင့်သာ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်သို့ တင်ပြရမည်။

(ဂ) လွှတ်တော်က အရေးယူသင့်သည်ဟု ယူဆလျှင် လွှတ်တော်ဥက္ကဋ္ဌအား ကရင်နီပြည်၊တရားရုံးချုပ်သို့ တရားစွဲဆိုတင်ပို့ရမည်။

(ဃ) ကရင်နီပြည်၊တရားရုံးချုပ်က လွှတ်တော်ဥက္ကဋ္ဌတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်လျှင် လွှတ်တော်ဥက္ကဋ္ဌအား ရာထူးမှ ထုတ်ပယ်ပြီး တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

(င) ဤပုဒ်မပါ ပြဌာန်းချက်များသည် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်စေရမည်။

ပုဒ်မ၊ ၆၁၊ **အစားထိုးရွေးချယ်တင်မြှောက်ခြင်း**

လွှတ်တော်ဥက္ကဋ္ဌ လစ်လပ်သွားလျှင်ဖြစ်စေ၊ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင်ဖြစ်စေ၊ ပုဒ်မ ၆၀(ဃ)အရ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ လစ်လပ်သွားသောနေရာအတွက် အောက်ပါအတိုင်း အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(က) ဥက္ကဋ္ဌ၏ မူလသက်တမ်းကုန်ဆုံးသည်အထိ ဒုတိယဥက္ကဋ္ဌမှ တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

(ခ) လွှတ်တော်ဥက္ကဋ္ဌ၏ ပုံမှန်သက်တမ်းကာလအတွင်း ဥက္ကဋ္ဌနေရာ လစ်လပ်မှုထပ်မံဖြစ်ပွားပါက ရွေးကောက်ပွဲအသစ်ကို ပုဒ်မ ၅၄ ပါ ပြဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရမည်။

## အောက်လွှတ်တော်

ပုဒ်မ၊ ၆၂၊ **အောက်လွှတ်တော်၏ ပုံသဏ္ဍာန်**

အောက်လွှတ်တော်တွင် ကရင်နီပြည်အတွင်းရှိ လူဦးရေ ၃၀၀၀ လျှင် မဲဆန္ဒနယ်မြေတခု သတ်မှတ်၍ ထိုမဲဆန္ဒနယ်မြေများမှ ရွေးချယ်ခံရသော ကိုယ်စားလှယ်တဦးစီ ပါဝင်ရမည်။

ပုဒ်မ၊ ၆၃၊ **လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ**

လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ အများဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

ပုဒ်မ၊ ၆၄၊ **သက်တမ်း**

အောက်လွှတ်တော်ကိုယ်စားလှယ်၏ သက်တမ်းမှာ ၄ နှစ်ဖြစ်ရမည်။

ပုဒ်မ၊ ၆၅၊ **အောက်လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ခြင်း**

လွှတ်တော်ကိုယ်စားလှယ်များကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတွင် ပြည်သူလူထုများ၏ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးကောက်ရမည်။

ပုဒ်မ၊ ၆၆၊ **အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း**

၁။ ကရင်နီပြည်သားဖြစ်ရမည်။
၂။ အသက် ၂၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။
၃။ ကရင်နီပြည်တွင် နေထိုင်သူဖြစ်ရမည်။
၄။ အနိမ့်ဆုံး အထက်တန်းပညာအဆင့် ရှိသူဖြစ်ရမည်။

ပုဒ်မ၊ ၆၇၊ **အစည်းအဝေးကျင်းပခြင်း**

၁။ ပုံမှန်အစည်းအဝေးကို တနှစ်တကြိမ်ကျင်းပရမည်။
၂။ ကရင်နီပြည်၊ဝန်ကြီးချုပ်မှ တောင်းဆိုလာသောအခါနှင့်
၃။ လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးပုံတပုံက ခိုင်လုံသော အကြောင်းပြချက်ဖြင့် တောင်းဆိုလာသောအခါတို့တွင် လွှတ်တော်ဥက္ကဋ္ဌမှ အစည်းအဝေးခေါ်ယူပေးရမည်။

ပုဒ်မ၊ ၆၈၊ **အစည်းအဝေးထမြောက်ခြင်းနှင့် ဆုံးဖြတ်ချက်**

လွှတ်တော်ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်းတက်ရောက်ပါက အစည်းအဝေးထမြောက်သည်။ ဆုံးဖြတ်ချက်ကို လွှတ်တော်ကိုယ်စားလှယ်များ၏ အများစုဆန္ဒမဲအပေါ်တွင်သာ ဆုံးဖြတ်ရမည်။

ပုဒ်မ၊ ၆၉၊ **ရွေးကောက်ပွဲသစ်မတိုင်မီ လွှတ်တော်၏ နောက်ဆုံးအစည်းအဝေး**

လွှတ်တော်၏ နောက်ဆုံးအစည်းအဝေးကို ရွေးကောက်ပွဲသစ်မတိုင်မီ ၂ လအတွင်း ကျင်းပပြုလုပ်ပေးရမည်။

ပုဒ်မ၊ ၇၀၊ **လွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာ**

လွှတ်တော်ဥက္ကဋ္ဌသည် အစည်းအဝေးကြီးကြပ်ကွပ်ကဲခြင်းနှင့် အစည်းအဝေးအတွက် စည်းမျဉ်းစည်းကမ်းချမှတ်ပေးရန် အခွင့်အာဏာရှိရမည်။ လွှတ်တော်အစည်းအဝေးအတွင်းတွင်

လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရလျှင် လွှတ်တော်ကိုယ်စားလှယ်များကို ဖမ်းဆီးစစ်ဆေးခြင်း၊ ရှာဖွေခြင်း မရှိစေရ။

ပုဒ်မ၊ ၇၁၊ **လွှတ်တော်ဥက္ကဋ္ဌကို အရေးယူခြင်း**

(က) လွှတ်တော်ဥက္ကဋ္ဌကို အောက်ပါအခြေအနေများတွင် အရေးယူရမည်။

၁။ လွှတ်တော်ဥက္ကဋ္ဌသည် ကရင်နီပြည်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

၂။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

၃။ အကျင့်သိက္ခာပျက်ပြားခြင်း၊

၄။ ရာဇဝတ်မှုတခုခုတွင် ပြစ်မှုထင်ရှား၍ ပြစ်ဒါဏ်ချမှတ်ခံရခြင်းစသည့်အချက်များအနက် တခုခုကို ကျူးလွန်သည်ဟု တွေ့ရှိရပါက လွှတ်တော်ကိုယ်စားလှယ် သုံးပုံတပုံ တောင်းဆိုမှုဖြင့် လွှတ်တော်ဥက္ကဋ္ဌကို စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရမည်။

(ခ) လွှတ်တော်ဥက္ကဋ္ဌကို စုံစမ်းစစ်ဆေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စုံစမ်းစစ်ဆေးရေးကော်မီတီဖြင့်သာ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်သို့ တင်ပြရမည်။

(ဂ) လွှတ်တော်က အရေးယူသင့်သည်ဟု ယူဆလျှင် လွှတ်တော်ဥက္ကဋ္ဌအား ကရင်နီပြည်တရားရုံးချုပ်သို့ တရားစွဲဆိုတင်ပို့ရမည်။

(ဃ) ကရင်နီပြည်၊တရားရုံးချုပ်က လွှတ်တော်ဥက္ကဋ္ဌတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်လျှင် လွှတ်တော်ဥက္ကဋ္ဌအား ထုတ်ပယ်ပြီး တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်စေရမည်။

ပုဒ်မ၊ ၇၂၊ **လွှတ်တော်အစည်းအဝေး**

ရွေးကောက်ပွဲပြီးလျှင် တလအတွင်း လွှတ်တော်သစ်အစည်းအဝေးကို ကျင်းပရမည်။ လွှတ်တော်သစ်အစည်းအဝေးကို ဝန်ကြီးချုပ်မှ ခေါ်ယူပေးရမည်။

ပုဒ်မ၊ ၇၃၊ **အစားထိုးရွေးချယ်တင်မြှောက်ခြင်း**

လွှတ်တော်ဥက္ကဋ္ဌလစ်လပ်သွားသည်ဖြစ်စေ၊ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင်ဖြစ်စေ၊ ပုဒ်မ ၇၁(ဃ)အရ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ လစ်လပ်သွားသောနေရာအတွက် အောက်ပါအတိုင်း အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(က) ဥက္ကဋ္ဌ၏ မူလသက်တမ်းကုန်ဆုံးသည်အထိ ဒုတိယဥက္ကဋ္ဌမှ ဥက္ကဋ္ဌ၏ တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

(ခ) လွှတ်တော်ဥက္ကဋ္ဌ၏ ပုံမှန်သက်တမ်းကာလအတွင်း ဥက္ကဋ္ဌနေရာလစ်လပ်မှုထပ်မံဖြစ်ပွားပါက ရွေးကောက်ပွဲအသစ်ကို ပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရမည်။

## အခန်း (၅)
## ကရင်နီပြည် ဥပဒေပြုစုရေး

ပုဒ်မ၊ ၇၄၊ **ဥပဒေပြုအာဏာ**

ကရင်နီပြည်၏ ဥပဒေပြုအာဏာကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပါဝင်သည့် ကရင်နီပြည်လွှတ်တော်သို့ အပ်နှင်းသည်။

ပုဒ်မ၊ ၇၅၊ **ဥပဒေများ ပြုစုရေး**

ကရင်နီပြည်၊လွှတ်တော်သည် အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ်တွင် ဥပဒေပြုပိုင်ခွင့် ရှိရမည်။

၁။ ကရင်နီပြည်သားဖြစ်ခြင်း
၂။ ကရင်နီပြည်ရဲတပ်ဖွဲ့
၃။ သစ်တော
၄။ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး
၅။ လမ်းပန်းဆက်သွယ်ရေး
၆။ ကျန်းမာရေး
၇။ ပညာရေး
၈။ ရေအားလျှပ်စစ်
၉။ မြေပေါ်၊မြေအောက်သယံဇာတတူးဖော်ထုတ်လုပ်ရေး
၁၀။ ပြည်တွင်းအခွန်တော
၁၁။ မြူနီစပယ်လုပ်ငန်း
၁၂။ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ
၁၃။ ဓလေ့ထုံးတမ်းများ
၁၄။ လူဦးရေဖွံ့ဖြိုးမှု
၁၅။ စက်မှုလုပ်ငန်းမြေထောင်မြှောက်ပေးမှု
၁၆။ စိုက်ပျိုးရေး
၁၇။ ခြံမြေလယ်ယာမြေ ပိုင်ဆိုင်ခြင်း
၁၈။ အမွေဆက်ခံမှု
၁၉။ မီးသတ်လုပ်ငန်း
၂၀။ ဆည်မြောင်းတာတမံ
၂၁။ ပွဲလမ်းသဘင်
၂၂။ မူးယစ်ဆေးဝါး
၂၃။ ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်း
၂၄။ တိရိစ္ဆာန်များဆိုင်ရာ
၂၅။ ဘဏ်လုပ်ငန်း
၂၆။ လောင်းကစားဥပဒေ
၂၇။ ဝန်ထမ်းဆိုင်ရာဥပဒေများ

ပုဒ်မ၊ ၇၆၊ **ထပ်တူပြု ဥပဒေအာဏာအညွှန်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်နှင့် တရင်နီပြည်လွှတ်တော်အသီးသီးတို့သည် အောက်ပါစာရင်းပါ ကိစ္စရပ်များတွင် တပြိုင်တည်း ထပ်တူဥပဒေပြုပိုင်ခွင့်အာဏာ ရှိစေရမည်။

၁။ ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ဆိပ်ကမ်းခွန်ဆိုင်ရာကိစ္စရပ်များ၊
၂။ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး၊
၃။ မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများ၊
၄။ ဖွားသေစာရင်းမှတ်ပုံတင်ခြင်း၊
၅။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်တခုအတွင်း ကျရောက်သည့် ပြည်ထောင်စု၏ စွမ်းအင်စီမံကိန်းလုပ်ငန်းများ၊
၆။ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊
၇။ နိုင်ငံခြားအစိုးရများနှင့် ကုမ္ပဏီများမှ ပြည်ထောင်စုအဖွဲ့ဝင် ပြည်များသို့ ရင်းနှီးမြှပ်နှံခြင်းဆိုင်ရာ ကိစ္စများ၊
၈။ ဒေသဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ၊
၉။ နေအိမ်ဥပစာ၊မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊
၁၀။ ဘဏ်လုပ်ငန်းများ၊
၁၁။ တက္ကသိုလ်၊ ဘွဲ့လွန်နှင့်အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ၊
၁၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်တပြည်မှ တပြည်သို့ ဖြတ်သန်းစီးဆင်းလျှက်ရှိသော မြစ်များနှင့် ရေကြောင်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ၊ ပြည်တွင်းပင်လယ်ရေကြောင်းနှင့် ကမ်းရိုးတန်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ၊
၁၃။ ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်၊
၁၄။ ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများ၊
၁၅။ ပြည်သူ့ဝန်ထမ်းများအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊
၁၆။ ပင်လယ်ရေအောက်သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်း၊
၁၇။ ပြည်ထောင်စုကာကွယ်ရေး၊
၁၈။ နိုင်ငံတကာနှင့် ကုန်သွယ်ရေးဆိုင်ရာ ပြဌာန်းချက်များ၊
၁၉။ ပြည်ထောင်စုရဲတပ်ဖွဲ့၊
၂၀။ လက်နက်နှင့် ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊
၂၁။ ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်နှင့် ဒီဇိုင်း၊တံဆိပ်အမှတ်အသားဆိုင်ရာ ပြဌာန်းချက်များ၊
၂၂။ အကောက်ခွန်၊ သွင်းကုန်၊ထုတ်ကုန်၊အခွန်ကောက်ခံခြင်းဆိုင်ရာ ပြဌာန်းချက်များ၊

ပုဒ်မ၊ ၇၇၊ **ဥပဒေကြမ်းတင်သွင်းခြင်း**

ကရင်နီပြည်၊ဥပဒေပြုအဖွဲ့မှ ရေးဆွဲသော ဥပဒေကြမ်းများကို ကရင်နီပြည်လွှတ်တော်သို့ တင်သွင်းရမည်။

ပုဒ်မ၊ ၇၈၊ **ဥပဒေဖြစ်ခြင်း**

ကရင်နီပြည်၊ဥပဒေရေးဆွဲရေးအဖွဲ့မှ တင်သွင်းလာသော ဥပဒေကြမ်းတို့သည် ကရင်နီပြည်၊ လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူဆန္ဒမဲရရှိပါက ဥပဒေဖြစ်ရမည်။

ပုဒ်မ၊ ၇၉၊ **ပြဌာန်းခြင်း**

ကရင်နီပြည်၊ဝန်ကြီးချုပ်သည် ကရင်နီပြည်လွှတ်တော်မှ တင်သွင်းလာသော ဥပဒေများကို ၇ ရက်အတွင်း လက်မှတ်ရေးထိုး၍ ပြဌာန်းပေးရမည်။

## အခန်း (၆)
## ကရင်နီပြည် အုပ်ချုပ်ရေး

ပုဒ်မ၊ ၈၀၊ **ကရင်နီပြည်၊အစိုးရ**

ကရင်နီပြည်၊အုပ်ချုပ်ရေးအာဏာကို ကရင်နီပြည်၊အစိုးရအဆင့်ဆင့်ထံသို့ အပ်နှင်းသည်။

ပုဒ်မ၊ ၈၁၊ **ကရင်နီပြည်၊ဝန်ကြီးချုပ်**

(က) ကရင်နီပြည်၊ဝန်ကြီးချုပ်သည် ကရင်နီပြည်၊အစိုးရကို ဦးဆောင်သူဖြစ်သည့်အပြင် ကရင်နီပြည်၏ အကြီးအကဲလည်းဖြစ်သည်။

(ခ) ကရင်နီပြည်၊ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ကရင်နီပြည်၏ အမြင့်ဆုံးဥပဒေ အဖြစ် ထိန်းသိမ်း၍ ကာကွယ်စောင့်ရှောက်ခြင်း၊ လေးစားလိုက်နာခြင်း ရှိရမည်။

(ဂ) ကရင်နီပြည်၏ စည်းလုံးညီညွတ်မှုနှင့် ကရင်နီပြည်အား တိုးတက်စေမည့် လုပ်ငန်းများကို မြှင့်တင်ပေးရမည်။

ပုဒ်မ၊ ၈၂၊ **ဝန်ကြီးချုပ်၏ အရည်အချင်း**

ဝန်ကြီးချုပ်သည် အောက်ပါအရည်အချင်းရှိသူ ဖြစ်ရမည်။

၁။ ကရင်နီပြည်သားဖြစ်ရမည့်အပြင် ကရင်နီပြည်တွင် နေထိုင်သူဖြစ်ရမည်။
၂။ အသက် ၄၀ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။
၃။ အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိသူ ဖြစ်ရမည်။
၄ ကရင်နီပြည်၊နိုင်ငံရေးပါတီတခုခုမှ အမည်စာရင်းတင်သွင်းသူ ဖြစ်ရမည်။

ပုဒ်မ၊ ၈၃၊ **ဒုတိယဝန်ကြီးချုပ်**

ဒုတိယဝန်ကြီးချုပ်၏ အရည်အချင်းသည် ဝန်ကြီးချုပ်၏ အရည်အချင်းနှင့် အတူတူပင် ဖြစ်သည်။

ပုဒ်မ၊ ၈၄၊ **ရွေးကောက်ခြင်း**

နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းလာသည့် ဝန်ကြီးချုပ်လောင်းများထဲမှ ဆန္ဒမဲအများဆုံးရရှိသော ရွေးချယ်ခံရသူ ၂ ဦးအနက် ပထမမဲအများဆုံးရရှိသူတဦးကို ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးရရှိသူတဦးကို ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တင်မြှောက်သည်။

ပုဒ်မ၊ ၈၅၊ **သက်တမ်း**

ဝန်ကြီးချုပ်၏ သက်တမ်းမှာ ၄ နှစ်ဖြစ်ရမည်။ ဝန်ကြီးချုပ်ရာထူးကို နှစ်ကြိမ်ဆက်တိုက်အရွေးခံပိုင်ခွင့်ရှိသည်။

ပုဒ်မ၊ ၈၆၊ **ဝန်ကြီးချုပ်တာဝန်နှင့်အခွင့်အာဏာ**

၁။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။

၂။ အစိုးရအဖွဲ့ကို အောက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များထဲမှ ရွေးချယ်ဖွဲ့စည်းနိုင်သည်။

၃။ အစိုးရအဖွဲ့ဝင်များ၏ အမည်စာရင်းကို ကရင်နီပြည်လွှတ်တော်တွင် အတည်ပြုရယူရမည်။

၄။ ကရင်နီပြည်၊ဝန်ကြီးဌာနများကို ဖွဲ့စည်းနိုင်ခွင့်ရှိရမည်။
၅။ ဝန်ကြီးဌာနအားလုံး ပေါ်လစီချမှတ်ညွှန်ကြားခွင့်ရှိရမည်။
၆။ တာဝန်မှ ရပ်စဲလိုသော ဝန်ကြီးများ၊ ပြောင်းရွှေ့လိုသော ဝန်ကြီးများကို ရပ်စဲ၊ရွှေ့ပြောင်းခွင့်ရှိရမည်။
၇။ အစိုးရ၏ အရေးကြီးသော ထုတ်ပြန်ကြေညာချက်များကို ထုတ်ပြန်ခွင့်ရှိရမည်။
၈။ အပြစ်ကျူးလွန်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း (သို့) အပြစ်လျော့ပေါ့ပေးခြင်းနှင့် ဒါဏ်ငွေ၊ပြစ်ဒါဏ် (သို့) လျှော်ကြေးဒါဏ်များအား လျှော်ပြစ်ခြင်းများ ပြုလုပ်ပေးနိုင်သည်။
၉။ ဂုဏ်ထူးဘွဲ့ပေးဆောင်ချီးမြှင့်အပ်နှင်းခြင်းတို့အား တာဝန်ခံဆောင်ရွက်ရမည်။
၁၀။ ကရင်နီပြည်၊လွှတ်တော်မှ အတည်ပြုပြီး ဥပဒေများကို လက်မှတ်ရေးထိုး၍ ပြဌာန်းပိုင်ခွင့်ရှိသည်။
၁၁။ ကရင်နီပြည်၊လွှတ်တော်၏ သဘောတူညီချက်အရ အစိုးရအဖွဲ့ကို ဖွဲ့စည်းပိုင်ခွင့်၊ အသစ်ပြန်လည်ဖွဲ့စည်းပိုင်ခွင့် ရှိရမည်။
၁၂။ အထူးကိစ္စရပ်များ လုပ်ဆောင်နိုင်ရန် အခြေအနေဖြစ်ပေါ်ပါက လွှတ်တော်နှစ်ရပ်၏ ဥက္ကဌတို့နှင့် ညှိနှိုင်း၍ ကရင်နီပြည်၊လွှတ်တော်အစည်းအဝေးခေါ်ယူနိုင်ခွင့် ရှိရမည်။
၁၃။ အစိုးရအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို ကရင်နီပြည်၊လွှတ်တော်သို့ တင်သွင်းရမည်။

ပုဒ်မ၊ ၈၇၊ **ဒုတိယဝန်ကြီးချုပ်တာဝန်နှင့်အခွင့်အာဏာ**

၁။ ဝန်ကြီးချုပ်မှ ပေးအပ်လာသော တာဝန်များကို ထမ်းဆောင်ရမည်။
၂။ ဝန်ကြီးချုပ်လစ်လပ်လျှင် ၂၄ နာရီအတွင်း ဝန်ကြီးချုပ်၏ တာဝန်များကို ထမ်းဆောင်ရမည်။

ပုဒ်မ၊ ၈၈၊ **ဝန်ကြီးချုပ်အား တရားစွဲဆိုခွင့်**

၁။ ဝန်ကြီးချုပ်သည် ကရင်နီပြည်အပေါ် သစ္စာဖောက်သောအခါ
၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်သောအခါ
၃။ ကိုယ်ကျင့်သိက္ခာဖောက်ပြန်သောအခါ
၄။ ရာဇဝတ်မှုကျူးလွန်သောအခါတို့တွင် အထက်လွှတ်တော်မှဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးကော်မီတီ၏ စုံစမ်းစစ်ဆေးခြင်းကို ခံရမည်။
၅။ စုံစမ်းစစ်ဆေးရေးကော်မီတီ၏ တွေ့ရှိချက်များကို ကရင်နီပြည်၊လွှတ်တော်သို့ တင်သွင်းရမည်။ တရားစွဲဆိုရန် ခိုလုံပါက အထက်လွှတ်တော်ဥက္ကဌသည် တရားစွဲဆိုရန် ကရင်နီပြည်၊တရားရုံးချုပ်သို့ တင်သွင်းရမည်။
၆။ ကရင်နီပြည်၊တရားရုံးချုပ်မှ ပြစ်မှုထင်ရှားသည်ဟု ချမှတ်ပါက ကရင်နီပြည်၊ ဝန်ကြီးချုပ်တာဝန်မှ နှုတ်ထွက်ပေးရမည်။

ပုဒ်မ၊ ၈၉၊ **ဒုတိယဝန်ကြီးချုပ်အား တရားစွဲဆိုခွင့်**

ဝန်ကြီးချုပ်အား တရားစွဲဆိုခွင့်အတိုင်းပင် ဖြစ်သည်။

ပုဒ်မ၊ ၉၀၊ **ကင်းလွတ်ခွင့်**

တာဝန်ထမ်းဆောင်နေစဉ်အတွင် ကရင်နီပြည်၊ဝန်ကြီးချုပ်နှင့်ဒုတိယဝန်ကြီးချုပ်တို့အား သာမာန်ပြည်သူတဦးတယောက်ကမျှ ရာဇဝတ်မှုအရသော်လည်းကောင်း၊ တရားမမှုအရသော်လည်းကောင်း တိုက်ရိုက်တရားစွဲဆိုပိုင်ခွင့် မရှိရ။

ပုဒ်မ၊ ၉၁၊ **ပြင်ပလုပ်ငန်း**

ဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်တာဝန်မှအပ မည်သည့် အခြားအခကြေးငွေရရှိသော လုပ်ငန်းတွင်မှ တာဝန်ထမ်းဆောင်ခြင်း မရှိစေရ။

ပုဒ်မ၊ ၉၂၊ **ဝန်ကြီးဌာနများ**

အောက်ပါ ဝန်ကြီးဌာနများကို ဝန်ကြီးချုပ်မှ လိုအပ်သလို ဖွဲ့စည်းခွင့်ရှိသည်။

၁။ ပြည်ထဲရေးဝန်ကြီးဌာန
၂။ ဘဏ္ဍာရေးဝန်ကြီးဌာန
၃။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန
၄။ ပညာရေးဝန်ကြီးဌာန
၅။ ကျန်းမာရေးဝန်ကြီးဌာန
၆။ စွမ်းအင်ဝန်ကြီးဌာန
၇။ သစ်တောဝန်ကြီးဌာန
၈။ ယဉ်ကျေးမှုဝန်ကြီးဌာန
၉။ ပြန်ကြားရေးဝန်ကြီးဌာန
၁၀။ သဘာဝပါတ်ဝန်းကျင်ဝန်ကြီးဌာန
၁၁။ အခွန်တော်ဝန်ကြီးဌာန
၁၂။ အမျိုးသမီးရေးရာဝန်ကြီးဌာန
၁၃။ လူမှုဖူလုံရေးဝန်ကြီးဌာန
၁၄။ အလုပ်သမားဝန်ကြီးဌာန
၁၅။ ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၆။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၁၇။ ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန
၁၈။ သာသနာရေးဝန်ကြီးဌာန
၁၉။ ကာကွယ်ရေးဝန်ကြီးဌာန
၂၀။ နိုင်ငံခြားရေးဝန်ကြီးဌာန

ပုဒ်မ၊ ၉၃၊ **ကရင်နီပြည်၊အစိုးရအဆင့်ဆင့် ဖွဲ့စည်းပုံ**

ကရင်နီပြည်၊အစိုးရအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်။

၁။ ကရင်နီပြည်၊အစိုးရ
၂။ ခရိုင်အုပ်ချုပ်ရေး
၃။ မြို့နယ်အုပ်ချုပ်ရေး
၄။ ကျေးရွာအုပ်စု၊ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

ပုဒ်မ၊ ၉၄၊ **အစိုးရအဆင့်ဆင့် အာဏာခွဲဝေမှု**

ကရင်နီပြည်၊အစိုးရအဆင့်ဆင့်၏ အာဏာခွဲဝေမှုကို ကရင်နီပြည်၊လွှတ်တော်မှ ဥပဒေဖြင့် ပြဌာန်းပေးရမည်။

ပုဒ်မ၊ ၉၅၊ **သက်တမ်း**

ကရင်နီပြည်၊အစိုးရအဆင့်ဆင့်၏ သက်တမ်းမှာ ၄ နှစ်ဖြစ်သည်။

ပုဒ်မ၊ ၉၆၊ **တာဝန်မှ ကန့်သတ်ခြင်း**

အောက်လွှတ်တော်ကိုယ်စားလှယ်တဦးသည် အစိုးရအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပါက ကရင်နီပြည်၊လွှတ်တော်သည် လွှတ်တော်နှင့်စပ်လျဉ်းသည့် တာဝန်များကို ၎င်းအား မအပ်နှင်းရ။

## အခန်း (၇)
## ကရင်နီပြည်၊တရားစီရင်ရေး

ပုဒ်မ၊ ၉၇၊ **တရားစီရင်မှုအာဏာ**

၁။ တရားရုံးချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများကို ကရင်နီပြည်၊လွှတ်တော်မှ ပြဌာန်းလိုက်သည့် ဥပဒေနှင့်အညီ တည်ဆောက်သွားပြီး တရားစီရင်ရေးအာဏာကို တရားရုံးချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများသို့ အပ်နှင်းသည်။

၂။ တရားစီရင်ရေးအာဏာကို မည်သည့်ပုဂ္ဂိုလ် (သို့) ပြည်၏ အုပ်ချုပ်ရေးယန္တယားကမှ စွက်ဖက်ခြင်း မပြုလုပ်ရ။

၃။ တရားရုံးတခု၏ အမိန့်တရပ် (သို့) ဆုံးဖြတ်ချက်တရပ်သည် သက်ဆိုင်သူအားလုံးနှင့် ပြည်ယန္တယားအားလုံးအပေါ် စည်းနှောင်အားရှိသည်။

ပုဒ်မ၊ ၉၈၊ **တရားစီရင်ရေးစနစ်**

(က) ကရင်နီပြည်၊လွှတ်တော်သည် တရားစီရင်ရေးစနစ်နှင့် တရားရုံးများ၏ လုပ်ထုံးလုပ်နည်းတို့ကို ပြဌာန်းပေးရမည်။

(ခ) တရားစီရင်ရေးစနစ်တွင် အောက်ပါတရားရုံးများကို ဖွဲ့စည်းတည်ဆောက်သွားရမည်။

၁။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး

၂။ တရားရုံးချုပ်

၃။ အဆင့်ဆင့်သော တရားရုံးများ

ပုဒ်မ၊ ၉၉၊ **ကရင်နီပြည်၊တရားရုံးချုပ်**

၁။ ကရင်နီပြည်၊တရားရုံးချုပ်တွင် ဗဟိုတရားစီရင်ရေးအဖွဲ့ကို တရားသူကြီး ၃ ဦးဖြင့် ပါဝင်ဖွဲ့စည်းပေးရမည်။

၂။ ကရင်နီပြည်၊တရားရုံးချုပ်၊တရားစီရင်ရေးအဖွဲ့ဝင် တရားသူကြီး ၃ ဦး၏ အမည်စာရင်းကို ကရင်နီပြည်၊လွှတ်တော်သို့ တင်သွင်းပေးရမည်။

၃။ ကရင်နီပြည်၊လွှတ်တော်မှသဘောတူသည့် တရားရုံးချုပ် တရားသူကြီးများကို ဝန်ကြီးချုပ်မှ ခန့်အပ်ပေးရမည်။

၄။ တရားရုံးချုပ် တရားသူကြီးများမှ အကြီးအကဲအဖြစ် ရွေးချယ်သော ပုဂ္ဂိုလ်အား ဝန်ကြီးချုပ်မှ ကရင်နီပြည်၊တရားသူကြီးချုပ်အဖြစ် ခန့်အပ်ပေးရမည်။

ပုဒ်မ၊ ၁၀၀၊ **တရားရုံးချုပ် တည်နေရာ**

တရားရုံးချုပ်ကို ပြည်၏မြို့တော်တွင် တည်ဆောက်ရမည်။ လိုအပ်သော ဒေသများတွင် ရုံးခွဲများ ဖွင့်လှစ်ခွင့်ရှိရမည်။

ပုဒ်မ၊ ၁၀၁၊ **တရားသူကြီးများ၏ အရည်အချင်း**

၁။ ကရင်နီပြည်၊တရားရုံးချုပ်တရားသူကြီးများသည် တရားစီရင်ရေးလုပ်ငန်းနှင့်ပါတ်သက်၍ အနည်းဆုံး ၁၀ နှစ်လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး ဥပဒေဘွဲ့တခုခုကို ရရှိပြီးသူ ဖြစ်ရမည်။

၂။ တရားသူကြီးသည် ကရင်နီပြည်သား ဖြစ်ရမည်။

၃။ အဆင့်ဆင့်သော တရားရုံးများတွင် တရားစီရင်ရေးလုပ်ငန်းနှင့်ပါတ်သက်၍ အနည်းဆုံး ၅ နှစ်အထက် လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသူများကို လိုအပ်သလို အဆင့်ဆင့်ခန့်အပ်ရမည်။

ပုဒ်မ၊ ၁၀၂၊ **တားမြစ်ခြင်း**

တရားသူကြီးများသည်–

၁။ တရားသူကြီးလုပ်ငန်းအပြင် အခြားအစိုးရဌာနတွင် လုပ်ကိုင်ခွင့်မရှိရ၊

၂။ မည်သည့် ကုမ္ပဏီလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခွင့် မရှိရ၊

၃။ အမြတ်အစွန်းရရှိသော မည်သည့် ဥပဒေပြုလုပ်ငန်းတွင် ပါဝင်ခွင့် မရှိရ၊

၄။ အဂတိလိုက်စားခြင်း မရှိရ၊

ပုဒ်မ၊ ၁၀၃၊ **ထောက်ပံ့ငွေ**

တရားသူကြီးများသည် ၎င်းတို့၏ တရားစီရင်ရေးလုပ်ငန်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကရင်နီပြည်၊လွှတ်တော်မှ ၎င်းတို့အတွက် လုံလောက်သော ထောက်ပံ့ငွေကို သတ်မှတ်ပေးရမည်။

ပုဒ်မ၊ ၁၀၄၊ **သက်တမ်း**

တရားသူကြီးများ၏ ရာထူးသက်တမ်းမှာ–

၁။ မိမိဆန္ဒအရ နှုတ်ထွက်သောအခါ

၂။ လုပ်ငန်းကို ပုံမှန်မထမ်းဆောင်နိုင်သောအခါ

၃။ ကိုယ်ကျင့်သိက္ခာဖောက်ပြန်သောအခါ

၄။ တရားမမှု (သို့) ရာဇဝတ်မှုတခုခုကျူးလွန်သောအခါ

၅။ အသက် ၈၀ နှစ်ပြည့်သောအခါ ဖြစ်သည်။

ပုဒ်မ၊ ၁၀၅၊ **ကရင်နီပြည်၊တရားရုံးချုပ်မှ တရားသူကြီးများကို စုံစမ်းစစ်ဆေးခြင်း**

ကရင်နီပြည်၊တရားရုံးချုပ်မှ တရားသူကြီးများသည် လုပ်ငန်းကို ပုံမှန်မဆောင်ရွက်နိုင်သောအခါတွင်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာဖောက်ပြန်သောအခါတွင်လည်းကောင်း၊ တရားမမှု (သို့) ရာဇဝတ်မှုတခုခုကို ကျူးလွန်သောအခါတွင်လည်းကောင်း၊ ကရင်နီပြည်၊လွှတ်တော်သည် စုံစမ်းစစ်ဆေးရေးကော်မစ်ရှင်တရပ်ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးရမည်။ တွေ့ရှိချက်ကို လွှတ်တော်သို့ တင်ပြ၍ အပြစ်တွေ့ရှိပါက ကရင်နီပြည်၊လွှတ်တော်မှ ဝန်ကြီးချုပ်သို့ တင်ပြရမည်။ ဝန်ကြီးချုပ်က တာဝန်မှ ရပ်စဲပေးပြီး လွှတ်တော်မှ အရေးယူရမည်။

ပုဒ်မ၊ ၁၀၆၊ **တရားရုံးများ၏ တရားစီရင်ရေးအခွင့်အာဏာ**

(က) ကရင်နီပြည်၊တရားရုံးချုပ်သည် အောက်ပါမှုခင်းများကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။

၁။ မျိုးနွယ်စုနှင့် လူမျိုးစုများ၏ ယဉ်ကျေးမှု၊ဓလေ့ထုံးတမ်းစဉ်လာများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော မှုခင်းများ၊

၂။ အယူခံဝင်သည့် မှုခင်းများ၊

၃။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်အချင်းချင်းဖြစ်ပွားလာသော မှုခင်းများ၊

၄။ ပြည်ပနိုင်ငံများနှင့်ဖြစ်ပွားသော မှုခင်းများ၊

၅။ တရားရုံးတခုနှင့်တခုလွဲပြောင်းသော မှုခင်းများ၊

၆။ နိုင်ငံခြားကုမ္ပဏီနှင့် ကရင်နီပြည်အတွင်းရှိ ကုမ္ပဏီတို့၏ စာချုပ်များနှင့်ပါတ်သက်၍ ဖြစ်ပေါ်လာသော မှုခင်းများ၊

၇။ ဒေဝါလီခံယူသော မှုခင်းများ၊

(ခ) ကရင်နီပြည်၊လွှတ်တော်သည် တရားစီရင်ရေးတရားရုံးအဆင့်ဆင့်၏ တရားစီရင်ပိုင်ခွင့်အာဏာကို ဥပဒေရေးဆွဲပြဌာန်းပေးရမည်။

## အခန်း (၈)
## ဘဏ္ဍာရေးဆိုင်ရာ ပြဌာန်းချက်များ

ပုဒ်မ၊ ၁၀၇၊ **ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ခြင်း**

(က) ကရင်နီပြည်၊လွှတ်တော်မှ အတည်ပြုပြဌာန်းပြီးသော ဘဏ္ဍာရေးဆိုင်ရာ ဥပဒေများကို ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ရမည်။

(ခ) ကရင်နီပြည်၊အစိုးရ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်းဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲပြုစု၍ အစိုးရမှ လွှတ်တော်သို့ တင်သွင်းရမည်။

ပုဒ်မ၊ ၁၀၈၊ **ဗဟိုဘဏ်**

ကရင်နီပြည်၏ ငွေကြေးရေးရာကို ထိန်းချုပ်ကွပ်ကဲနိုင်ရန်အတွက် ဥပဒေနှင့်အညီ ပြည်နယ်ဗဟိုဘဏ်တခုထူထောင်ရမည်။ ၎င်းဘဏ်သည် လွတ်လပ်ပြီး နိုင်ငံရေးစွက်ဖက်မှုကင်းရမည်။

ပုဒ်မ၊ ၁၀၉၊ **စာရင်းစစ်ချုပ်**

၁။ ကရင်နီပြည်၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ကြပ်မတ်နိုင်ရန်အတွက် စာရင်းစစ်ချုပ်ခန့်အပ်ရန် အမည်စာရင်းကို အောက်လွှတ်တော်မှ အထက်လွှတ်တော်သို့ တင်သွင်းရမည်။ အထက်လွှတ်တော်မှ သဘောတူလျှင် ဝန်ကြီးချုပ်သည် အဆိုပါပုဂ္ဂိုလ်ကို ကရင်နီပြည်၊စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်ရမည်။

၂။ ကရင်နီပြည်၊စာရင်းစစ်ချုပ်သည် ကရင်နီပြည်၏ ဘဏ္ဍာငွေရသုံးဆိုင်ရာ ငွေစာရင်းများကို လွတ်လပ်စွာ စစ်ဆေးပိုင်ခွင့်ရှိရမည်။ စစ်ဆေးတွေ့ရှိချက်များကို ကရင်နီပြည်၊အစိုးရနှင့် ကရင်နီပြည်၊လွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၉)
## ကရင်နီပြည်သား

ပုဒ်မ၊ ၁၁၀၊ **ကရင်နီပြည်သားဖြစ်ခြင်း**

အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူတို့သည် ကရင်နီပြည်သား ဖြစ်သည်။

၁။ ကရင်နီပြည်တွင် ဘိုးစဉ်ဘောင်ဆက်နေထိုင်လာသော ဌာနေတိုင်းရင်းသာမိဘမှ ဆင်းသက်လာသူ ဖြစ်ရမည်။

၂။ ၁၉၄၈ ခုနှစ်မတိုင်မီ ကရင်နီပြည်တွင် အတည်တကျနေထိုင်လာသော လူမျိုးစု မိဘမှ ဆင်းသက်လာသူ ဖြစ်ရမည်။

၃။ ကရင်နီပြည်သားဖြစ်ရေး ဥပဒေကို ကရင်နီပြည်၊လွှတ်တော်မှရေးဆွဲပြဌာန်းပေးရမည်။

ပုဒ်မ၊ ၁၁၁၊ **တပြိုင်နက် ပြည်သားနှစ်ခုဖြစ်ခြင်းဆိုင်ရာ ကန့်သတ်ချက်**

၁။ နိုင်ငံခြားခံယူလိုသော ကရင်နီပြည်သားသည် နိုင်ငံခြားသားဖြစ်ခွင့် ရှိသည်။နိုင်ငံခြားသားဖြစ်ပြီးသည်နှင့် တပြိုင်နက် ကရင်နီပြည်သားအဖြစ်မှ ရုပ်သိမ်းပြီးသား ဖြစ်ရမည်။ ကရင်နီပြည်သားအဖြစ် ပြန်ခံယူလိုပါက ပြန်လည်လျှောက်ထားပိုင်ခွင့် ရှိသည်။

၂။ ကရင်နီပြည်သားတဦးသည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အခြားပြည်တခုခု၏ ပြည်သားမဖြစ်စေရ။

## အခန်း (၁၀)
## အစဉ်အလာခေါင်းဆောင်များနှင့်ဓလေ့ထုံးတမ်းအစဉ်အလာများကို အသိအမှတ်ပြုခြင်း

ပုဒ်မ၁၁၂၊ ၁။ကရင်နီပြည်တွင် ဓလေ့ထုံးတမ်းအစဉ်အလာများကို စောင့်ထိန်းသော ခေါင်းဆောင်များအားလူမျိုးစုများမှ ရွေးချယ်ပိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို စောင့်ထိန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်ပိုင်ခွင့် ရှိသည်။

၂။ဓလေ့ထုံးတမ်းအစဉ်အလာဥပဒေများ ကျင့်သုံးခွင့်အာဏာကို ကရင်နီပြည်၊လွှတ်တော်မှ အတည်ပြုပြဌာန်းပေးရမည်။

## အခန်း (၁၁)
## ကော်မစ်ရှင်ဖွဲ့စည်းခြင်း

ပုဒ်မ၊ ၁၁၃၊ **လူ့အခွင့်အရေးကော်မစ်ရှင်**

ဥက္ကဌတဦးနှင့်အဖွဲ့ဝင် ၆ ဦးပါဝင်သည့် လူ့အခွင့်အရေးကော်မစ်ရှင်ဖွဲ့စည်းနိုင်ရန်အတွက် အထက်လွှတ်တော်မှ ကရင်နီပြည်၊လွှတ်တော်သို့ အမည်စာရင်းတင်သွင်းရမည်။ ကရင်နီပြည်လွှတ်တော်မှ အတည်ပြုပြီးပါက ဝန်ကြီးချုပ်မှ ခန့်အပ်ပေးရမည်။ ကော်မစ်ရှင်နှင့် စပ်လျဉ်းသည့် ဥပဒေတရပ်ကို ကရင်နီပြည်လွှတ်တော်မှ ပြဌာန်းပေးရမည်။

ပုဒ်မ၊ ၁၁၄၊ **သက်တမ်း**
လူ့အခွင့်အရေးကော်မစ်ရှင်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။

ပုဒ်မ၊ ၁၁၅၊ **လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကော်မစ်ရှင်**
ဥက္ကဋ္ဌတဦးနှင့် အဖွဲ့ဝင် ၆ ဦးပါဝင်သည့် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကော်မစ်ရှင် ဖွဲ့စည်းနိုင်ရန်အတွက် အထက်လွှတ်တော်မှ ကရင်နီပြည်၊လွှတ်တော်သို့ အမည်စာရင်းတင်သွင်းရမည်။ ကရင်နီပြည်၊လွှတ်တော်မှ အတည်ပြုပြီးပါက ဝန်ကြီးချုပ်မှ ခန့်အပ်ပေးရမည်။ ကော်မစ်ရှင်နှင့်စပ်လျဥ်းသည့် ဥပဒေတရပ်ကို ကရင်နီပြည်၊လွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

ပုဒ်မ၊ ၁၁၆၊ **သက်တမ်း**
လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကော်မစ်ရှင်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။

ပုဒ်မ၊ ၁၁၇၊ **မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မစ်ရှင်**
ဥက္ကဋ္ဌတဦးနှင့် အဖွဲ့ဝင် ၆ ဦးပါဝင်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မစ်ရှင် ဖွဲ့စည်းနိုင်ရန်အတွက် အထက်လွှတ်တော်မှ ကရင်နီပြည်၊လွှတ်တော်သို့ အမည်စာရင်းတင်သွင်းရမည်။ ကရင်နီပြည်၊လွှတ်တော်မှ အတည်ပြုပြီးပါက ဝန်ကြီးချုပ်မှ ခန့်အပ်ပေးရမည်။ ကော်မစ်ရှင်နှင့် စပ်လျဥ်းသည့် ဥပဒေတရပ်ကို ကရင်နီပြည်၊လွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

ပုဒ်မ၊ ၁၁၈၊ **သက်တမ်း**
မူးယစ်ဆေးဝါးကော်မစ်ရှင်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။

ပုဒ်မ၊ ၁၁၉၊ **ရွေးကောက်ပွဲကော်မစ်ရှင်**
ဥက္ကဋ္ဌတဦးနှင့် အဖွဲ့ဝင် ၆ ဦးပါဝင်သည့် ရွေးကောက်ပွဲကော်မစ်ရှင်ဖွဲ့စည်းနိုင်ရန်အတွက် အထက်လွှတ်တော်မှ ကရင်နီပြည်၊လွှတ်တော်သို့ အမည်စာရင်းတင်သွင်းရမည်။ ကရင်နီပြည်၊လွှတ်တော်မှ အတည်ပြုပြီးပါက ဝန်ကြီးချုပ်မှ ခန့်အပ်ပေးရမည်။ ကော်မစ်ရှင်နှင့် စပ်လျဥ်းသည့် ဥပဒေတရပ်ကို ကရင်နီပြည်၊လွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

## အခန်း (၁၂)
## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း

ပုဒ်မ၊ ၁၂၀၊ **အခြေခံဥပဒေပြင်ဆင်ခြင်း**
ကရင်နီပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပုဒ်မအချို့ကို ကရင်နီပြည်၊လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံက ပြင်ဆင်ဖြည့်စွက်ရန် တောင်းဆိုလာလျှင် ပြည်သူလူထု၏ ဆန္ဒကိုခံယူပြီး ပြင်ဆင်ဖြည့်စွက်ခွင့်ရှိသည်။ ထိုသို့ ပြင်ဆင်ဖြည့်စွက်ခွင့်ရှိရန်အတွက် ကရင်နီပြည်၊လွှတ်တော်မှ ဥပဒေတရပ်ပြဋ္ဌာန်းပေးရမည်။

## အခန်း (၁၃)
## ကရင်နီပြည်၊ အရေးပေါ်ဥပဒေ

ပုဒ်မ၊ ၁၂၁၊ **ကရင်နီပြည်၊ အရေးပေါ်ဥပဒေထုတ်ပြန်ခြင်း**

ကရင်နီပြည်၊ အရေးပေါ်ဥပဒေကို အောက်ပါအခြေအနေတရပ်ရပ် ဖြစ်ပေါ်လာပါက ထုတ်ပြန်ရမည်။

၁။ ကရင်နီပြည်၊နယ်နိမိတ်ကို ပြည်ပမှ ကျူးကျော်တိုက်ခိုက်လာသောအခါတွင်လည်းကောင်း၊ သို့မဟုတ် ကျူးကျော်တိုက်ခိုက်ရန် ပြင်ဆင်နေသော အချိန်တွင်လည်းကောင်း၊

၂။ ကရင်နီပြည်တွင် ကပ်ဘေးအန္တရာယ်များ ကျရောက်လာသော အခါတွင်လည်းကောင်း၊

၃။ ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအန္တရာယ် ခြိမ်းခြောက်လာသော အခါတွင်လည်းကောင်း၊

၄။ ကရင်နီပြည်၊ ဒေသတခုခုတွင် ဆူပူအုံကြွမှုဖြစ်ပေါ်ပြီး ပြည်သူလူထုကို အန္တရာယ်ပြုလာသောအခါတွင်လည်းကောင်း ထုတ်ပြန်ကျေညာရမည်။

ပုဒ်မ၊ ၁၂၂၊ **ထုတ်ပြန်ကျေညာပိုင်ခွင့်**

ကရင်နီပြည်၊အစိုးရ၏ တောင်းဆိုချက်အရ ကရင်နီပြည်၊ဝန်ကြီးချုပ်သည် တပြည်လုံးအတွက် အရေးပေါ်ဥပဒေထုတ်ပြန်ကျေညာခွင့်ရှိရမည်။

ပုဒ်မ၊ ၁၂၃၊ **အရေးပေါ်ဥပဒေတည်မြဲသည့်ကာလ**

အရေးပေါ်ဥပဒေသည် ထုတ်ပြန်သည့်နေ့ရက်မှစ၍ ၆ လထက်ပို၍ မတည်စေရ။ အခြေအနေပုံမှန်ပြန်ဖြစ်လာလျှင် ဥပဒေကို ချက်ခြင်းရုပ်သိမ်းပေးရမည်။ အကယ်၍ ၆ လထက်ပို၍ ဥပဒေကို တည်စေလိုလျှင် ကရင်နီပြည်၊လွှတ်တော်၏ သဘောတူညီချက်ရယူရမည်။

ပုဒ်မ၊ ၁၂၄၊ **လုပ်ပိုင်ခွင့်နှင့် တာဝန်**

ကရင်နီပြည်၊အစိုးရသည် အရေးပေါ်အမိန့်ထုတ်ပြန်သည့် ဒေသသို့

၁။ တိုက်ရိုက်ညွှန်ကြားအမိန့်ပေးရမည်။

၂။ လုံခြုံရေးတပ်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရမည်။

၃။ ကရင်နီပြည်၊အစိုးရသည် အရေးပေါ်ဥပဒေထုတ်ပြန်ထားသည့် ဒေသ၏ ဖြစ်ပေါ်တိုးတက်မှုများကို ကရင်နီပြည်၊လွှတ်တော်သို့ အစီရင်ခံရမည်။

ပုဒ်မ၊ ၁၂၅၊ **အရေးပေါ်ကာလအတွင်း တရားသူကြီးများ**

အရေးပေါ်ကာလတွင် ဖြစ်ပေါ်လာသော မှုခင်းများကို စီရင်ရန်အတွက် တရားသူကြီးများသည် အဆင်သင့်ရှိရမည်။

ပုဒ်မ၊ ၁၂၆၊ **အရေးပေါ်ဥပဒေကန့်သတ်ချက်**

အရေးပေါ်ကာလတွင် ထုတ်ပြန်သော ဥပဒေများသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မဆန့်ကျင်ရ။

## အခန်း (၁၄)
## ကရင်နီပြည်တွင်းကာကွယ်ရေး

ပုဒ်မ၊ ၁၂၇၊ **ကရင်နီပြည်၊တပ်ဖွဲ့**

ကရင်နီပြည်တွင်း ကာကွယ်ရန်အတွက် ကရင်နီပြည်၊လက်နက်ကိုင်တပ်ဖွဲ့ကို ကုန်းတပ်၊ လေတပ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်သွားရမည်။ တပ်ဖွဲ့၏ ဖွဲ့စည်းမှုဆိုင်ရာ ဥပဒေကို ကရင်နီပြည်၊လွှတ်တော်မှ ရေး ဆွဲပြဌာန်းပေးရမည်။

၁။ ကရင်နီပြည်၊တပ်ဖွဲ့သည် ကာကွယ်ရေးဌာနလက်အောက်တွင် ရှိရမည်၊

၂။ စစ်ရေးအမှုထမ်းများသည် ကာကွယ်ရေးဝန်ကြီး မဖြစ်စေရ၊

၃။ တပ်မတော်သားသည် နိုင်ငံရေးပါတီများတွင် ပါဝင်ပါတ်သက်ခြင်း မရှိစေရ၊

## အခန်း (၁၅)
## ကရင်နီပြည်၊ရဲတပ်ဖွဲ့

ပုဒ်မ၊ ၁၂၈၊ ကရင်နီပြည်အတွင်း တရားဥပဒေစိုးမိုးရေး၊ ပြည်သူအသက်အိုးအိမ်စည်းစိမ်များ ကာကွယ်ရန်အတွက် ကရင်နီပြည်၊ရဲတပ်ဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ဖွဲ့စည်းတည်ဆောက်ရမည်။ ရဲတပ်ဖွဲ့၏ ဖွဲ့စည်းမှုဆိုင်ရာ ဥပဒေကို ကရင်နီပြည်၊လွှတ်တော်မှ ပြဌာန်းပေးရမည်။

## အခန်း (၁၆)
## ကရင်နီပြည်၊စီးပွားရေး

ပုဒ်မ၊ ၁၂၉၊ **ကရင်နီပြည်၊စီးပွားရေးစနစ်**

ကရင်နီပြည်သည် တံခါးဖွင့်စီးပွားရေးဈေးကွက်စနစ်ကို ကျင့်သုံးပြီး အောက်ပါစီးပွားရေး လုပ်ငန်းများကို လုပ်ဆောင်ခွင့် ရှိစေရမည်။

၁။ ကရင်နီပြည်၊အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ

၂။ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများ

၃။ ဖက်စပ်စီးပွားရေးလုပ်ငန်းများ

ပုဒ်မ၊ ၁၃၀၊ **ဥပဒေပြဌာန်းခြင်း**

ကရင်နီပြည်၊စီးပွားရေးစနစ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် ကရင်နီပြည်၊လွှတ်တော်မှ ဥပဒေပြဌာန်းပေးရမည်။

ooooooooooooooooooooooooooooooooooooooooooooooo

နောက်ဆက်တွဲ (က)

အလံတော်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်



၁။ ဖားစည်သည် ကရင်နီပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုတွင် အထွဋ်အထိပ်ပစ္စည်း တစ်ခုဖြစ်သည်။
၂။ ဖားစည်အလယ်ဗဟိုတွင် ဖြာထွက်သော ရောင်ခြည်တန်းများသည် ဗဟိုတစ်ခုတည်းမှ အရွယ်အစားတူညီစွာ ဖြာထွက်သည်မှာ ကရင်နီပြည်တွင်းရှိ လူမျိုးများအားလုံးကို တန်းတူမှု အခြေခံမှုအပေါ် ပေါင်းစည်းထားကြောင်းကို ဖော်ပြခြင်းဖြစ်သည်။
၃။ ဖားစည်ကို အဖြူကွက်တွင် ထားရှိခြင်းမှာ ကရင်နီပြည်တွင်းရှိ လူမျိုးများ၏ ဖြူစင်သန့်ရှင်းဖြောင့်မတ်သော ရည်ရွယ်ချက်ဖြင့် ပေါင်းစည်းထားသည်ကို ဖော်ပြခြင်း ဖြစ်သည်။
၄။ အနီရောင် ရဲစွမ်းသတ္တိရှိခြင်း
၅။ အဖြူရောင် ဖြူစင်သန့်ရှင်းဖြောင့်မတ်ခြင်း
၆။ အပြာရောင် မှန်ကန်တည်ကြည်ခိုင်မြဲခြင်းတို့ ဖြစ်သည်။

**အလံတော်၏ အရွယ်အစား**

၁။ အလံတော်သည် အလျား ၈ ပေ ၆ လက်မ၊ အနံ ၅ ပေရှိရမည်။
(အရွယ်အစားပြောင်းလိုလျှင် အနံတစ်ပေလျှော့လျှင် အလျားတစ်ပေခွဲ လျှော့ရမည်)
၂။ အရောင်များ၏ အရွယ်အစားသည် အဆတူဖြစ်သည်။
၃။ ဖားစည်သည် အထက်နှုတ်ခမ်းများရှိသော ဇာဖြူကွက်၏ ၁ လက်မကွာထားရမည်။
၄။ အလံတော်၏ ထိပ်ပိုင်းသည် အနီရောင် အလယ်ပိုင်းတွင် အဖြူရောင်နှင့် အောက်ပိုင်းတွင် အပြာရောင် ဖြစ်သည်။

နောက်ဆက်တွဲ (ခ)




နိုင်ငံတော်တံဆိပ်၏ အဓိပ္ပါယ်

၁။ ဖားစည်သည် ကရင်နီပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုတွင် အထွဋ်အထိပ်ပစ္စည်းတစ်ခုဖြစ်သည်။

၂။ ဖားစည်အလယ်ဗဟိုတွင် ဖြာထွက်သော ရောင်ခြည်တန်းများသည် ဗဟိုတစ်ခုတည်းမှ အရွယ်အစားတူညီစွာ ဖြာထွက်သည်မှာ ကရင်နီပြည်တွင်းရှိ လူမျိုးများအားလုံးကို တန်းတူမှု အခြေခံမှုအပေါ် ပေါင်းစည်းထားကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

၃။ ဖားစည်သည် ရှေးပဝေသဏီက စုစည်းရန် အသံဖြင့် အချက်ပြသော ယဉ်ကျေးမှုပစ္စည်းတစ်ခုဖြစ်သည်ကို ပြသခြင်းဖြစ်သည်။

**ပဒိုး**

၁။ ပဒိုးသည် ဦးချိုဖြင့် ပြုလုပ်သော ကရင်နီအမျိုးသားများ၏ အမြတ်တနိုးထားသော ပစ္စည်းတစ်ခုဖြစ်သည်။

၂။ ကရင်နီပြည်လွတ်လပ်ရေးကို ကျနုပ်တို့ဘိုးဘွားဘီဘင်မှ အင်္ဂလိပ်နှင့် ဗမာဘုရင်အစိုးရတို့က ကရင်နီ ပြည်၊လွတ်လပ်ကြောင်း အင်ဒိပင်းဒင့် (Independence)ကို ဦးချိုဖြင့် အသိအမှတ်ပြုလုပ်ခဲ့သည်။

၃။ ပဒိုးသည် ကရင်နီပြည်၊တိုင်းရင်းသားလူမျိုးများ၏ စိတ်ဓါတ်ကို နိုးကြားတက်ကြွစေရန် အချက်ပေးသော ကိရိယာတစ်ခုလည်း ဖြစ်သည်။

စပါးနှံ

၁။ ကရင်နီဘွားတိုင်းရင်းသားများအတွက် ဘဝတိုးတက်သာယာရေး

၂။ စပါးနှံသည် ကရင်နီပြည်တွင်းတွင် ဆန်စပါးပေါများ၍ တောင်သူလယ်သမားများကို အားပေးသော လက္ခဏာကို ဆောင်သည်။

၃။ စပါးနှံနှစ်စေ့သည် ကရင်နီအမျိုးသားခုခံတော်လှန်ရေး သက်တမ်း ၂၁ နှစ်မြောက်တွင် ကရင်နီအမျိုးသားကွန်ဂရက်မှ ပြုလုပ်သော အထိမ်းအမှတ်ဖြစ်သည။

ကြယ်လေးလုံး

| | |
|---|---|
| မှန်ကန်ဖြောင့်မတ်ခြင်း | (Truth) |
| ချစ်ခြင်းမေတ္တာ | (Love) |
| စည်းလုံးညီညွတ်ခြင်း | (Unity) |

ငြိမ်းချမ်းသာယာခြင်း (Peace)

**တက်သစ်စနေဝန်း**

၁။ကရင်နီအစိုးရ အမြဲတိုးတက်ကြီးပွားနေကြောင်းကို ပြသည်။

၂။ကရင်နီအစိုးရ၏ အောင်ပွဲအလင်းရောင်ကို ပြသည်။

၃။နေဝန်းမှ ဖြာထွက်သော အလင်းရောင်ခြည်တန်းများသည် ကရင်နီပြည်၏ ထွန်းလင်းတောက်ပြောင်မှုကို ပြသည်။

နောက်ဆက်တွဲ (ဂ)




ကရင်နီအစိုးရ၏ တံဆိပ်အဓိပ္ပါယ်ဖွင့်ဆိုချက်

ပဒိုး

က။ ပဒိုးသည် ကျွဲဦးချိုဖြင့် ပြုလုပ်သော ကရင်နီအမျိုးသားများ အမြတ်တနိုးထားသော ပစ္စည်းတစ်ခု ဖြစ်သည်။

ခ။ ကရင်နီပြည်လွတ်လပ်ရေး (Independence)ကို ဦးချိုဖြင့် အသိအမှတ်ပြုလုပ်ခဲ့သည်။

ဂ။ ပဒိုးသည် ကရင်နီပြည်တိုင်းရင်းသာလူမျိုးများ၏ စိတ်ဓါတ်ကို နိုးကြားတက်ကြွစေရန် အသံဖြင့် အချက်ပေးသော ကိရိယာတစ်ခုလည်း ဖြစ်သည်။

စပါးနှံ

က။ ကရင်နီတိုင်းရင်းသားများအတွက် ဘဝတိုးတက်သာယာရေး

ခ။ စပါးနှံသည် ကရင်နီပြည်တွင်းတွင် ဆန်စပါးပေါများစေ၍ တောင်သူလယ်သမားများကို အားပေးသော လက္ခဏာကို ဆောင်သည်။

ဂ။ စပါးနှံသည် တိုင်းပြည်သာယာဝပြောစေသည့် လက္ခဏာကို ဆောင်သည်။

ကြယ်လေးလုံး

မှန်ကန်ဖြောင့်မတ်ခြင်း (Truth)

ချစ်ခြင်းမေတ္တာ (Love)

စည်းလုံးညီညွတ်ခြင်း (Unity)

ငြိမ်းချမ်းသာယာခြင်း (Peace)

**တက်သစ်စနေဝန်း**

၁။ကရင်နီအစိုးရ အမြဲတိုးတက်ကြီးပွားနေကြောင်းကို ပြသည်။

၂။ကရင်နီအစိုးရ၏ အောင်ပွဲအလင်းရောင်ကို ပြသည်။

၃။နေဝန်းမှ ဖြာထွက်သော အလင်းရောင်ခြည်တန်းများသည် ကရင်နီပြည်၏ ထွန်းလင်းတောက်ပြောင်မှုကို ပြသည်။

နောက်ဆက်တွဲ (ယ)



Composed By Samual Bani ( 2, 5, 1957)